စိတ်ကူးချိုချိုအနုပညာ

# ဓါး

## မင်းဆွေ

ဒသမအကြိမ်

mgyoe.com

mgyoe.com

အရေးကြီး သွေးနီရာ ဆိုတဲ့စကားဟာ

တကယ့် အရေးကြုံလာရင် ဘယ်သူမှ မျိုးချစ်စိတ်နဲ့

မကောင်းကြောင်း ထင်ရှားတဲ့စကားပဲ။

တစ်ဝမ်းတစ်ခါးကို ကြည့်ပြီး ကိုယ့်စိတ်ကိုယ်

မလှည့်စားပါနဲ့။

တစ်ဝမ်းတစ်ခါးနဲ့မဟုတ်ဘဲ တစ်တိုင်းလုံးတစ်ပြည်လုံးကို

သိမ်းကျုံးစဉ်းစားပြီး လုပ်သင့် မလုပ်သင့်

ရွေးချင့်ဆုံးဖြတ်ပြီးမှ ထလုပ်တဲ့

မြန်မာလူငယ်ကလေးတွေ......

ဆယ်ကြိမ်မြောက်အထိ ရိုက်နှိပ်ခဲ့ရသည့်

အုပ်ရေ သောင်းနှင့်ချီပြီး

ပရိသတ်ရှိခဲ့သည့်

မင်းဆွေ ၏ နာမည်ကျော် ဓား

UMS0002

1,800.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ ဒီဇင်ဘာလ၊ ဒသမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၈၀၀ ကျပ်

၈၉၈·၈၃

ဓား
မင်းသွေး -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ဒသမအကြိမ်၊ ၂၀၁၃။
စာမျက်နှာ ၂၄၂ မျက်နှာ၊ ၁၀ စင်တီ× ၁၆·၅ စင်တီ
(၁) ဓား

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဓား

မင်းဆွေ

ဒသမအကြိမ်

mgyoe.com

mgyoe..com

mgyoe.com

mgyoe.com



# စာရေးဆရာ မင်းဆွေ

မင်းဆွေကို မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကွဲခြံကျေးရွာဇာတိ၊ ဖခင် ပန်းဘဲဆရာကြီး ဦးဘရင်၊ မိခင် ဒေါ်မျှားတို့မှ ၁၉၁၀ ပြည့်နှစ်တွင် ဖွားမြင်သည်။

မော်လမြိုင်မြို့တွင် အလယ်တန်းအထိ ပညာသင်ကြားခဲ့ပြီး ဆရာဖြစ်သင်တန်း တက်ခဲ့သည်။ မင်းဆွေ၏ 'ဓား'ကို အသံတိတ် ရုပ်ရှင်ခေတ်က မင်းသားကြီး ကျော်အေးဖြင့် ရုပ်ရှင်ရိုက်ခဲ့ပြီး အသံထွက်ခေတ်တွင် မင်းသား စိုးရွှေဖြင့် ဒုတိယအကြိမ် ပြန်လည် ရိုက်ကူးခဲ့သည်။

မင်းဆွေသည် ဒုတိယကမ္ဘာစစ် မဖြစ်မီကတည်းက ထင်ရှားခဲ့သော စာရေးဆရာ ဖြစ်သည်။ အမည်ရင်းမှာ ဦးချစ်လှိုင်ဖြစ်သည်။ အမာ၊ အိုင်ဆေးယောက်ဖ၊ အိုင်လပ်ဖ် ယူ၊ ဓား၊ လင်၊ သွေးဆိုး၊ မ,နိုင်ငံ၊ လူချင်းမတူ၊ သွေးတို့

mgyoe.com

mgyoe.com



သည် မင်းဆွေ၏ထင်ရှားလူကြိုက်များသော ဝတ္ထုများဖြစ်သည်။

ဆရာမင်းဆွေသည် ထိုခေတ်၊ ထိုကာလ တိုင်းပြည်၏ လိုအပ်ချက်ကို ဖော်ညွှန်းသည့် နိုင်ငံရေးလှုံ့ဆော်သောဝတ္ထုများကို ရေးသားခဲ့သကဲ့သို့ နုယဉ်နွဲ့နှောင်းသော အချစ်ဝတ္ထုများကိုလည်း ရေးသားခဲ့သည်။

ဆရာမင်းဆွေ၏ ဓားဝတ္ထုသည် ဂျပန်ခေတ် မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ပထမဆုံးအကြိမ်ချီးမြှင့်သော စာပေဆုရရှိခဲ့ပြီး ဆုငွေ ကျပ်တစ်ထောင် ချီးမြှင့်ခြင်းခံခဲ့ရသည်။

၁၉၄၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် နေအိမ်မှ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့သည်။

သူ၏ မြန်မာ့ဂီတကို နောက်ခံပြုရေးဖွဲ့ခဲ့သော 'သွေး'ဝတ္ထုမှာလည်း ထင်ရှားသည်။ 'ဂီတသာလျှင် လူမျိုးသာသည်၊ ဂီတချာလျှင် လူမျိုးချာသည်။ ဂီတသည် လူမျိုးတစ်မျိုး၏ သွေးဖြစ်သည်' ဆိုသော ဆောင်ပုဒ်မှာ မင်းဆွေ၏ သွေးဝတ္ထုမှ ဆောင်ပုဒ် ဖြစ်သည်။

စစ်ပြီးခေတ်တွင်လည်း ဆရာမင်းဆွေသည် ဝတ္ထုများ ဆက်လက်ရေးသားခဲ့သည်။

ဇနီး ဒေါ်သောင်းတင်နှင့် သားနှစ်ယောက်ကျန်ရစ်သည်။

၀

mgyoe.com

mgyoe.com

# အခန်း ၁

ခြေတံရှည်အိမ်မြင့်ကြီး၏ ဘေးပြတင်းမှ ငုံ့ကြည့်လိုက်လျှင် ခြံဝင်းအတွင်းဘက် သစ်ပင်ရိပ်ကြီးတစ်ခုအောက်တွင် သူတို့ သုံးယောက်ကို မြင်ရလေသည်။

သုံးယောက်အနက် တစ်ယောက်မှာ အသက် ခုနစ်နှစ်မျှ ခန့်မှန်းရသော မိန်းကလေးဖြစ်၍ သူ၏ စင်ကြယ်ဝင်းဝါသော အသားအရေနှင့် ကြည့်လေလေ ကျက်သရေရှိသော မျက်နှာကလေးမှာ နောင်တစ်နေ့ကြီးပြင်းလာသောအခါ၌ ကမ္ဘာ၌ မိန်းမချောတစ်ယောက်ဟု ခေါင်းခေါက်အရွေးခံရမည့်အသွင်ကို ဆောင်လေသည်။

ထိုထက် လက်ယာဘက်မေးဖျားတွင် မည်းနက်ထင်ရှားသော မှဲ့ကလေးတစ်လုံးသည် သူ၏အလှကလေးကို ဝိုင်းကူအားပေးနေသည် ထင်ရ၏။

ကျန်နှစ်ယောက်ကား အဆိုပါမိန်းကလေးထက် သုံးလေးနှစ်မျှ ကြီးပုံရသော ယောကျ်ားကလေးများဖြစ်ရာ သူတို့၏ အရိပ်အခြည်ကို ကြည့်ခြင်းအားဖြင့် တော်တော်

mgyoe.com

mgyoe.com


ရင်းနှီး ချစ်ခင်ပုံရ၍ မကြာခဏ တွေ့ဆုံနေကြသော ကစားဖော်ကစားဖက်များ ဖြစ်ဟန်တူလေ၏။

ထိုနေရာကား သာယာဝတီနယ် အိမ်ခြေနှစ်ရာခန့်ရှိ ရွာ၏အစွန်ဘက် ခြံကျယ်ကြီးတစ်ခုဖြစ်၏။ ခြေတံရှည်အိမ်မြင့်ကြီး၏ ဘေးပြတင်းမှ ငုံ့ကြည့်နေသော အသက် ၄၀ ကျော်ခန့်ရှိ ညှော်သည်နှင့် တူသည့်လူကြီးတစ်ယောက်သည် နံဘေးမှ သက်တူရွယ်တူ လူကြီးဘက်လှည့်၍...

"ကိုင်း.. ကိုဖြိုးတင့်၊ ကျုပ်တို့ ဒီလအတွင်း ရန်ကုန်ပြောင်းမယ်ဆိုတာ လွယ်ပါရဲ့၊ ကျုပ်သမီးကတော့ ခင်ဗျားသားနဲ့ ဟိုသူငယ်ကို အတော်ခင်ပုံရတယ်။ ခင်ဗျာ့သားကလည်း တော်တော်ခင်တာပဲ။ ခွဲဖို့ခက်မနေဘူးလားဗျာ"

အိမ်ရှင် ကိုဖြိုးတင့်သည် အောက်သို့ကြည့်ရင်း ခေါင်းကို ညင်သာစွာညိတ်နေလေ၏။ ထို့နောက် နေရာတွင် ပြန်ထိုင်လိုက်ကြပြီး...

"ကဲ.. ကိုဘိုးထင်၊ ဒါတွေငဲ့နေလို့ အပိုပဲ၊ ခင်ဗျားတို့မှာ လုပ်ရေးကိုင်ရေးတွေ ရှိသေးတယ်။ ဘယ်လိုဖြစ်ဖြစ် နောင်ကြီးပြီးလာတဲ့တစ်နေ့ သူတို့ချင်း နေရာကျသွားဖို့ အရေးကြီးတာပဲ။ ဒါပေမဲ့ အတင်းအစမ္မတော့မဖြစ်စေရဘူး။ လူကြီးလုပ်သူက လမ်းကြောင်းပေးရမယ်၊ ကျုပ်တို့ကတိသာ ကိုဘိုးထင် လေးစားပါနော်"

"စိတ်ချ ကိုဖြိုးတင့်"

ထိုနောက် လူကြီးနှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် တီးတိုးတိုင်ပင်နေကြလေ၏။ သူတို့၏

mgyoe.com

mgyoe.com

မျက်နှာများကိုကြည့်ခြင်းအားဖြင့် အလွန်အရေးကြီးမည် ဆိုလျှင်လည်း ဆိုနိုင်၏။

ခဏ၌ အိမ်အောက်မှ ဆူဆူညံညံအသံကြားရသဖြင့် လူကြီးနှစ်ယောက်လုံး ထငုံ့ကြည့်ကြစဉ် မိန်းကလေး၏ လျှင်မြန်သော လက်တစ်ဖက်သည် သူငယ်တစ်ယောက်၏ လက်ဝဲဘက်ပါးကို တအားပြေးကပ်လိုက်လေ၏။ အရိုက်ခံရသော သူငယ်သည် အရိုက်ခံရသောပါးကို လက်ဝါးနှင့် အုပ်ရင်း မိန်းကလေးအား ငေးစိုက်ကြည့် ရှုနေရာ မာလကာသီးကိုင်ထားသော တခြားသူငယ်တစ်ယောက်သည် နှစ်ယောက်လုံးအား အကဲခတ်နေလေ၏။

"တွေ့သလား ကိုဘိုးထင် ... ခင်ဗျားသမီးက ကျုပ်သားကို ပါးရိုက်လိုက်တယ်"

"အေးဗျာ ... ချိုးမွှမ်းမိကာ ရှိသေးတယ်။ ဒီလိုဆိုရင် ကောင်မလေးကို ဆုံးမဦးမှ" ကိုဘိုးထင်သည် သမီးကို လှမ်းခေါ်မည်ပြုသဖြင့် ...

"နေပေ့စီ ... နေပေ့စီ၊ မိန်းကလေးဆိုပေမယ့် ဒီလိုလက်မြန်သူမှ သူတစ်ပါး မစော်ကားဝံ့တာပေါ့၊ ကြိုက်တယ် .. ကြိုက်တယ်။ ကျုပ်သားကိုလည်း ကြည့်ဦး ... ခံမယ်မထင်နဲ့"

ပြောရင်းဆိုရင်းမှာပင် သူငယ်သည် ပါးပေါ်မှလက်ကိုဖြုတ်လျက် ချာကနဲ နောက်ပြန်လှည့်ပြီး သစ်ကိုင်းကျိုးတစ်ခုကို ပြေးဆွဲလေ၏။ တစ်ဟုန်တည်း သွန်ဝင်မည်ပြုမှ ကိုဖြိုးတင့်က "ဟေ့ကောင် ... လာခဲ့ဦး"ဟု ဟန့်ခေါ် ခေါ်

mgyoe.com

mgyoe.com


လိုက်သဖြင့် သူငယ်သည် သစ်ကိုင်းကျိုးကြီး ပစ်ချ တက်လာလေ၏။

"မင်း ဒီနေ့မနက် ဘုရားရှိခိုးပြီးပလား"

"ညည့်သည်တွေလာလို့ မေ့နေတယ်"

"သွား .. ကျယ်ကျယ်ရှိခိုးချည်"

"ငါ့မှာ တာဝန်တွေများစွာရှိသည်။ ကုန်းပေါ်မှာသေသေ၊ ရေထဲမှာသေသေ၊ လေထဲမှာကြေကြေ၊ အထွတ်အထိပ်တွင် ငါနေမည်။ လာမည့်ဘေးပြေး၍ မရှောင် တွေ့အောင် ငါသွားမည်။ အိမ်သည်ကို ညည့်သည်မစော်ကားရ။ ရန်သူကို လက်စားချေလော့ ... အာမဘဏ္ဍေ"

ကိုဘိုးထင်သည် ထူးဆန်းသောသူငယ်၏ ဘုရားရှိခိုးကို အံ့ဩစွာ နားထောင်နေလေ၏။ ကိုဖြိုးတင့်က ...

"ကြားသလား ကိုဘိုးထင်၊ သူ့မှာ ငယ်သေးလို့ နားမလည်ရှာဘူး။ အယူအကောက်လွဲနေတယ်။ ခင်ဗျား စိတ်မရှိနဲ့။ သူက အိမ်သည်၊ ခင်ဗျားသမီးက ညည့်သည်ဆိုတော့..."

ကိုဖြိုးတင့်သည် ဆက်မပြောတော့ဘဲ အနီးသို့ထ၍ လာရပ်သော သားဘက် လှည့်ကြည့်ကာ ...

"မင်း ဒေါသရှေ့ထားဖို့ နေရာမဟုတ်ဘူး ... ဘယ်လို ဖြစ်လို့ ကောင်မလေးကို ဒီအထိလုပ်မယ် စိတ်ကူးသလဲ"

"မာလကာသီးတစ်လုံးကြွေကျလို့ လုကြတာ ကျွန်တော်ရတယ်၊ ကျွန်တော် တစ်ကိုက်သာ စားရသေး

mgyoe.com

mgyoe.com


တယ်။ နင်တော်တော့ဆိုပြီး ကျွန်တော်လက်ထဲက လုပြီး ဟိုကောင်ကို ပေးလိုက်တယ်"

"အင်း ... အင်း ... မင်းတစ်ကိုက်စားပြီး တော်ရော ပေါ့"

"ကျွန်တော်က ဘာကြောင့် ဒီလိုလုပ်ရမလဲလို့ အနားကပ်သွားတော့ ကျွန်တော့်ပါးကို လှမ်းရိုက်တယ်"

"သူတို့က ညှော်သည်ပဲကွယ်"

"လူပါးဝတဲ့ ညှော်သည်ပဲ၊ အိမ်သည်ကို စော်ကားလို့ ဘယ်ဖြစ်မလဲ၊ အိမ်သည်ကို ညှော်သည်မစော်ကားရဘူးလို့ ဆိုတယ်မဟုတ်လား"

သူငယ်သည် မကျေမချမ်းနှင့် တခြားပြတင်းပေါက်မှ သွားရပ်ငုံ့ကြည့်နေတော့ရာ ကိုဖြိုးတင့်က ...

"ကျုပ်သားဟာ အရင်က လူကြောက်ကလေးပေါ့။ လက်ဖျားနဲ့ တို့တာနဲ့ ငိုချင်နေတယ်။ အခု ဒီကြောက်မွေးတွေအကုန် ကျုပ် ဆွဲနုတ်ပစ်လိုက်ပြီ။ ပြီးတော့ ... ကျုပ်တို့ မြန်မာလူမျိုးတွေဟာ လူချင်းတွေ့ရင် ... ခြေကိုင်ချင်တယ်။ မကိုင်နဲ့၊ ပခုံးဖက်ပါလို့ ကျုပ်သားကို အမြဲသွန်သင်နေတယ်။ မတော်တဆ ထိခိုက်နာကျင်သွားလို့ ငိုမယ်ကြံရင်လည်း ကျုပ်ဘယ်တော့မှမချော့ဘူး။ ကျုပ် ချော့တဲ့နည်းတွေ... သူတော့ နားရည်ဝခဲ့ရပါပြီ။ ခင်ဗျားတို့လည်း ကျုပ်ဆုံးမပုံ ကြားကောင်းကြားဖူးလိမ့်မယ်"

မကြာမီ ကိုဘိုးထင်သည် အိမ်ပေါ်မှ နှုတ်ဆက်ဆင်းသက်ပြီး သမီးကိုလက်ဆွဲ ထွက်ခွာသွားလေသည်။

mgyoe.com

mgyoe.com


ဤသေးငယ်သော အခြင်းအရာကလေးကား ... သစ်လွင်လတ်ဆတ်သော အကြောင်းထူးမဟုတ်။ ၁၉၉၂ ခုနှစ် မြန်မာပြည် ဒိုင်အာခီအုပ်ချုပ်ရေးလက်ထက် ကြီးကျယ်သော ဆရာစံသူပုန်၏ရှေ့မှ သုံးနှစ်မျှ စောစွာ အပြေးအလွှား အိုဟောင်းဆွေးမြည့် ပျောက်ကွယ်သွားပြီး ဖြစ်လေသတည်း။

၀

mgyoe.com

mgyoe.com

# အခန်း ၂

တက္ကစီတစ်စီးသည် ရန်ကုန်မြို့ ကန်တော်ကြီးဘေး မှ ကွေ့တက်လျက် ချာချီလမ်းသို့ ခပ်လေးလေး ချိုးဝင်လာ လေသည်။ ညနေ ၄ နာရီကျော်ခန့်ဖြစ်၍လည်း အညောင်း ပြေ လမ်းလျှောက်သူများဖြင့် တော်တော်စည်ကားနေသော အချိန် ဖြစ်၏။

အသက်အစိတ်ထက် ကျော်မည်ဆိုလျှင်လည်း အများဆုံးတစ်နှစ်၊ နှစ်နှစ်ထက်ပိုလွန်ပုံမရသော ယောက်ျား ပျိုတစ်ယောက်သည် တက္ကစီပေါ် ဝဲယာလမ်း နှစ်ဖက်ကို ကြည့်ရင်း ပါလာလေ၏။

ဘိုကေမှာ သေသေသပ်သပ်မရှိ။ မနက်မပြောင် အနီရောင်ခပ်ကျကျ နူးညံ့သောဆံပင်သည် လေတိုးသဖြင့် တည်ကြည်သော မျက်နှာ၏ အစိတ်အပိုင်း၊ ခံ့ညားသော နဖူးပေါ်တွင် ပျော်မြူးလွင့်ဖြာ ကြည့်ပျော်စရာ ဖြစ်နေ၏။

ထိုခဏ၌ ဂျော်ဂျက်ထဘီ အဝါသွေး ခရမ်းပွင့်နှင့်

mgyoe.com

mgyoe.com


မိန်းမပျိုတစ်ယောက်သည် "ရွှေဝါ ရွှေဝါ"ဟု လှမ်းအော်ရင်း ထဘီစွန်တောင်ဆွဲနှင့် ဟိုမှာဘက်မှ သည်မှာဘက်သို့ ပြေးလာလေ၏။

မိန်းမပျိုကလေး၏ရှေ့မှာမူ အဖြူခံ။ အဝါပြောက်နှင့် ကြောင်ကလေးတစ်ကောင်သည် သခင်ကိုသရော်သည့်အလား၊ ချစ်စဖွယ်ပြေး၍သွားရာ လေးလေးမှန်မှန်မောင်းလာသော မော်တော်ကားဘီးအောက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် "အမယ်လေး ... သေပါပြီ" ဟု မိန်းမပျိုသည် ခြေစုံရပ်ရင်း လက်နှစ်ဖက်ဖြင့် မျက်လုံးကို ပိတ်လိုက်သည်။

သို့သော်လည်း တစ်စုံတစ်ရာမထူးခြား၊ ကားပေါ်မှ ယောက်ျားပျိုက လှမ်းအော်လိုက်သဖြင့် ဒရိုင်ဘာလုပ်သူ၏ လျင်မြန်သော ဘရိတ်အုပ်ချက်ကြောင့် ကြောင်ကလေးအသက်မှာ ပိုးစိုးပက်စက်မဖြစ်ခဲ့ချေ။

မိန်းမပျိုသည် ကားအနီးသို့ရောက်လာပြီး ဆက်လက်မပြေးတော့သော ရွှေဝါခေါ် ကြောင်ကလေးကို ဖြူစင်သောလက်ကလေးနှစ်ဖက်ဖြင့် အသာပွေ့ဖက် မ,ချီပြီး ကားပေါ်မှ ယောက်ျားပျိုကို ကြည့်လိုက်၏။

"ကံကောင်းတယ်။ ကျုပ်မြင်လိုက်ပေလို့ပဲ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်။ ကျွန်မအသက်ဆိုရင်တောင် ခုလောက် စိုးရိမ်မိမယ် မဟုတ်ပါဘူး"

မိန်းမပျိုသည် ခပ်ပြုံးပြုံးပြန်ပြော၏။ ယောက်ျားပျိုကား နားထောင်ဟန်မရှိ။ ဝဲယာနှစ်ဖက်သို့ မျှော်ကြည့်လိုက်

mgyoe.com

mgyoe.com


ပြီးမှ ကားတံခါးဖွင့်ကာ မိန်းမပျိုအနီးသို့ လျှောက်လာလျက် လက်တစ်ဝါးခန့် ဟောင်းနွမ်းသော စက္ကူခေါက်ကလေးကို ဖြန့်ကြည့်ပြီးနောက် ...

"ဒီအနီးအနားမှာ ဦးဘိုးထင်ဆိုတာ မရှိဘူးလား.. သာယာဝတီနယ်ကပဲ၊ စားနိုင်သောက်နိုင်တဲ့အထဲကလို့ ဆိုတယ် "

"ဩော် ... ရှိပါတယ်၊ ဟောဟိုဝင်းထဲက နှစ်ထပ်အိမ်ဟာပေါ့၊ ဘာကိစ္စများပါလိမ့်"

"တွေ့ချင်လို့ပါပဲ"

ယောက်ျားပျိုသည် ကားပေါ်ပြန်တက်အံ့ဟု ကားတံခါးဘက်လှည့်ပြီးနောက် မတက်ဖြစ်ဘဲ ထူးခြားသောအမူအရာဖြင့် မိန်းမပျိုဘက် ရုတ်တရက်လှည့်ကြည့်လေ၏။ သို့ကြည့်သော မျက်လုံးသည်လည်း စူးစူးရဲရဲရှိလှ၏။

ခြေနှစ်လှမ်းဖြင့် ရောက်လာသော သူ၏ အရပ်အမောင်းသည် ပုပြတ် နဖတ်သော မိန်းမပျိုကို စီးမိုးလိုက်သကဲ့သို့ရှိရာ မိန်းမပျိုက မျက်လုံးကလေး ကြောင်ကြောင်နှင့် ယောင်တောင်တောင် ပြန်မော်ကြည့်၍ မကြာမီပင် ယောက်ျားပျို၏ လျင်မြန်သော လက်တစ်ဖက်သည် မိန်းမပျို၏ တင်းရင်းသောပါးတစ်ဖက်ပေါ် ဖတ်ခနဲ ရောက်လာလေ၏။

မိန်းမပျိုသည် ဒိတ်ခနဲ တုန်၍သွားသည်။ သူ့လက်ဒဏ်ချက်မှာ အခံခက်အောင် မနာလှ။ သို့သော် မည်သည့်အဖြစ်ကို ခံစားလိုက်ရသည်ဟု သတိမရနိုင်ဘဲ ထူး

mgyoe.com

mgyoe.com


ခြားသော ယောကျ်ားပျိုတစ်ကိုယ်လုံးကိုသာ ပြူးသလောက်ကျယ်၍ ကျယ်သလောက် ဝိုင်းလည်သော မျက်လုံးဖြင့် အစအဆုံးကြည့်ရင်း ပါးတစ်ဖက်ကို လက်ဝါးဖြင့်အုပ်ကိုင်ထားမိစဉ် လေးယောက်စီး မောရစ်ကားငယ်ကလေးတစ်စီးသည် တက္ကစီဘေးတွင် ဖြုန်းကနဲ ထိုးရပ်လေ၏။

"မြင်မြင်...ဘာဖြစ်သလဲ"

မန္တလေးလုံချည် အဖြူကွက်၊ ဘလေဇာအနက်နှင့် ယောကျ်ားပျိုတစ်ယောက်သည် ကိုယ်တိုင်မောင်းလာသော ကားပေါ်မှ လျှင်မြန်စွာ ဆင်းလိုက်လေ၏။ သူ၏ ငါးပေသုံးလက်မ အရပ်ကလေးဖြင့် ထောင်ထောင်မောင်းမောင်း ယောကျ်ားပျိုရှေ့တွင် သွားရပ်လိုက်ပြီး ...

"ခင်ဗျား ဘယ်သူလဲ၊ ဒီမိန်းကလေးကို ဘယ့်နှယ်ကြောင့် ခုလို လုပ်လိုက်တာလဲ၊ ခင်ဗျား စော်ကားလှချည်လား"ဟု မေးသော်လည်း ယောကျ်ားပျိုသည် မေးလာသူအား တစ်စုံတစ်ရာမဖြေကြားဘဲ ကားတံခါးဖွင့်တက်ထိုင်လိုက်၏။

ကားအောက်မှလူသည် ဘလေဇာဖုံးနေသော ခါးကြားမှ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ပြီးနောက် ကားအနီးသို့ ကပ်သွားပြန်လျက် ...

"ခင်ဗျား မိန်းကလေးတစ်ယောက်ကို လက်ရောက်ကျူးလွန်တယ်၊ ခင်ဗျားကို ဖမ်းချုပ်လိုက်မယ်၊ မေးတာကို ဖြေပါ"

mgyoe.com

mgyoe.com


"ကျုပ် သတိလစ်သွားလို့ပါ၊ တောင်းပန်ပါတယ်၊ ခင်ဗျား မကျေနပ်ရင် ဟိုအိမ်ကို လိုက်လာတာပေါ့"

ယောက်ျားပျိုသည် ကြောက်လန့်ဟန်မရှိ၊ မခုံပြုံး ပြုံးလျက် ဒရိုင်ဘာကို အမိန့်ပေး ထွက်ခွာသွားရာ ယောက်ျားပျို ရော၊ မိန်းမပျိုပါ ခြံကျယ်ကြီးအတွင်း ထိုးဝင်ပျောက်ကွယ် သွားသည်အထိ ငေးမောကျန်ရစ်ခဲ့လေ၏။

"ဘယ်လိုဖြစ်တာလဲ မြင့်မြင့် … ဒီလူ ဘယ်ကလူ လဲ"

"မပြောတတ်ဘူး၊ ကျွန်မနဲ့ ဒီနေရာတွေ့လို့ ဖေဖေ့ နာမည်ကိုမေးတယ်။ ကျွန်မ ညွှန်ပြလို့ ကားပေါ်တက်မယ် လုပ်ပြီးမှ ပြန်လှည့်ပါးရိုက်သွားတယ်။ ကိုမြဒင် မြင့်ရဲ့ မဟုတ်လား"

"ရှူးများနေရော့သလား မြင့်မြင့်ရယ်"ဟု ပြောကာ ကိုမြဒင်နှင့် မြင့်မြင့်သည် ကားပေါ်တက်ထိုင်ပြီး မနီးမဝေး ခြံတွင်းတစ်ခုသို့ ဝင်သွားကြလေ၏။

ထိုအခါကား … အာကာသကောင်းကင်တစ်ခုလုံး မိုးသားတိမ်လိပ်မရှိ။ သို့သော် ကမ္ဘာမြေကြီးကို စစ်ရိပ်စစ် ငွေ့များ မင်းမူလွှမ်းခြုံထားသော ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ဆန်းစ ဖြစ်၏။

မြန်မာပြည်အဖို့ကား ကမ္ဘာ၏အရိပ်အခြည်ကို စောင့်မျှော်၍ နေလေသည်။ ထိုအခိုက်အတန့်တွင် "ဂျပန် ဗုံးသည် ကြောက်စရာမရှိ၊ အုတ်ဖတ်ပင် မကွာချင်"ဟု နယ်လှည့် ဟောသူဟော၊ ပြောသူပြော၍ "ဂျပန်တွင်

mgyoe.com

mgyoe.com


ဓာတ်ဆီ မလုံလောက်၊ ဂျပန်သည် အင်္ဂလိပ်၊ အမေရိကန်ကို ယခုတိုင် ရန်မစဝံ့သေး” ဟူ၍လည်း စာရွက်စာတမ်း ကမ်းလှမ်းဝေငှ၍ကောင်းတုန်းအခါ ဖြစ်၏။

မြန်မာပြည်ကို သူလျှိုများ ရောင်းစားမည်စိုးရိမ်သဖြင့် နိုင်ငံနှင့်အဝန်း အထူးစုံထောက်များ ခန့်အပ်ထားရာ ထိုအထဲတွင် ကိုမြဒင်လည်း ပါဝင်ခဲ့လေသည်။

ကိုမြဒင်နှင့် မြင့်မြင့်မှာ တစ်စုံတစ်ရာမတော်စပ်၊ ဇာတိချက်ကြွေတစ်ရပ်တည်းနေ တစ်ရေတည်းသောက်ခဲ့ရာမှ ရန်ကုန်တွင် လာရောက်တွေ့ဆုံနေကြသော ငယ်ပေါင်းကြီးဖော်များ ဖြစ်ကြဟန်တူ၏။

မြင့်မြင့်မှာကား မိခင်မရှိ။ အဖအုပ်၍ ကြီးလာရသော သမီးကလေးဖြစ်ရုံမက လွတ်လပ်သောအပျိုမကလေးလည်း ဖြစ်၏။ ကိုမြဒင်မှာလည်း တစ်ကိုယ်ရေတစ်ကာယ လူပျိုဘဝနှင့်ပင်ဖြစ်ရာ ပုလိပ်စုံထောက်အဖွဲ့များ ယောက်ယက်ခတ်နေသောအချိန်တွင် မြင့်မြင့်၏ စိတ်နေစိတ်ထားကို လာရောက် စုံထောက်နေရသောအချိန်ကများ၏။

ဖခင် ဦးဘိုးထင်ကား သူတို့နှစ်ယောက်အကြားတွင် စကားတစ်ခွန်းမျှ မဟန့်တားခဲ့ချေ။ လွတ်လွတ်လပ်လပ် ဝင်ထွက်၊ လွတ်လွတ်လပ်လပ် သွားလာလိုက သွားလာခွင့်ပြုထား၏။

ထမင်းကို အတူတူစားခဲ့ဖူး၏။ ကားတစ်စီးဖြင့် အတူတူလည်ပတ်ခဲ့ဖူး၏။ ကိုမြဒင်သည် လာနေကျအချိန်

mgyoe.com

mgyoe.com



တွင် လာရမှ ကျေနပ်၏။ ကိုမြဒင် ပေါ်မလာလျှင် မြင်မြင်သည့် မျှော်ရှာ၏။ နှစ်ပါးစုံလျှင် စကားကုန်ပြောကြ၏။ “ကျုပ်တို့နှစ်ယောက် ရိုးရိုးခင်တာပါ”ဟု ဆိုငြားအံ့။ နားရှိ၍သာ ကြားရလိမ့်မည်။ အဆိုးမကြဲ တကယ့်အရိုးခံ ဟုတ်, မဟုတ်ကို သူတို့နှစ်ဦးအပြင် မည်သူမျှမသိနိုင်။

၀

mgyoe.com

mgyoe.com

# အခန်း ၃

ထွားကြိုင်းသော ယောက်ျားပျိုသည် သူ၏ ရောမ သားရေသေတ္တာကြီးကို ကားပေါ်မှ ဆွဲချပြီးနောက် ကျန် ကျွန်းသေတ္တာရှည်တစ်လုံးကို လှမ်းယူနေပြန်လေ၏။

မြင့်မြင့်ကား ဒေါသကို မချုပ်တည်းနိုင်ချေ။ ရွှေဝါ ခေါ် ကြောင်ကလေးကို လက်တစ်ဖက်မှပိုက်ရင်း လက် တစ်ဖက်မှ နုနုထွားထွား သလုံးသားကလေးပေါ်အောင် ထဘီကို ဆုပ်ကိုင်လျက် ကုန်းကုန်းကွကွဖြစ်နေသော ယောက်ျားပျိုဘေးမှ ခြေပြင်း နင်းတက်ခဲ့၏။ သူ့နောက်မှ ကိုမြဒင်လည်း ထက်ကြပ်ပါလာရာ မြင့်မြင့်သည် "ဖေဖေ... ဖေဖေ"ဟု ခေါ်ရင်း အပေါ်ထပ်သို့ မော့ကြည့်တက်ခဲ့ရာ အသက် ၅၀ ကျော် သားသားနားနား လူကြီးတစ်ယောက် သည် အခန်းတစ်ခုမှ ထွက်လာလျက် သမီးနှင့် မျက်နှာ ချင်းဆိုင်လိုက်မှ မြင့်မြင့်သည် ပထမက ငိုရမှန်းမသိ၊ ဖခင် မျက်နှာကို တွေ့ရမှ မျက်ရည်ပေါက်ကြီးငယ်ကို အသွယ်

mgyoe.com

mgyoe.com

သွယ်သွန်ချလိုက်လေ၏။

လုံးစေ့ပတ်စေ့ ထိထိရောက်ရောက် ပြောပြ၍ ဆုံးသည်နှင့်တစ်ပြိုင်နက် ဦးဘိုးတင်သည် ဣန္ဒြေမရတော့ချေ။ ဖအေတစ်ယောက် သမီးတစ်ယောက် မှက်၊ ခြင်တစ်ကောင် တစ်ပေါက်နားသည်ကိုပင် မရှုရက်သောဖခင်သည် တစ်ကိုယ်လုံးပင် ဆတ်ဆတ်ခါခဲ့၏။ ထို့နောက် ပစ္စည်းသိမ်းအခန်းတစ်ခု၏နံရံမှ ငှက်ကြီးတောင်ဓားကို ပြေးဆွဲကာ...

"ဘယ်မလဲ ဒင်း ... သိရောပေါ့ကွာ၊ ဘိုးထင်တဲ့ကွယ့် ... ဘိုးထင်" ဟု ဆိုဆိုပြောပြော ခပ်လောလောလှေကားမှပြေးဆင်းသွားရာ မြင်မြင်သည် လှေကားတစ်ဝက် ရောက်နေသော ဖခင်ကို ပြေးဆွဲရလေ၏။ ဦးဘိုးထင်က လူကြီးသလောက် ဒေါသ မငယ်ချေ။ မြင်မြင်သာ လက်မမြန်လျှင် အကျယ်ကျယ် မငြိမ်းဖွယ်ဖြစ်ကုန်ဖို့ရှိ၏။

အိမ်အပေါ်ထပ်သို့ ပြန်ရောက်၍ မကြာမီပင် ယောကျ်ားပျိုသည် သားရေသေတ္တာကြီးနှင့် ကျွန်းသေတ္တာရှည်ကို လက်တစ်ဖက်စီ ဆွဲတက်လာကာ ဦးဘိုးထင်ရှေ့ရောက်မှ ကြမ်းပြင်ပေါ်ချလိုက်၏။

သားရေသေတ္တာကြီးမှာ အထည်များသွတ်သွင်းမည်ဆိုလျှင် လေးငါးဆယ်ထက် နည်းမည်မဟုတ်။ နံ့ဘေးရှိ ကျွန်းသေတ္တာမှာ အရောင်တင်ဆီ အကြိမ်မည်မျှထပ်ထားသည်မသိ။ ဝါထိန်တောက်ပ လျှပ်ရောင်ထနေ၏။ သို့သော် ထိုကျွန်းသေတ္တာမှာ အလျား သုံးပေကျော်မျှသာရှိသော်လည်း အနံမှာ ခြောက်လက်မခန့်သာ ရှိ၏။

mgyoe.com

mgyoe.com


ထိုယောက်ျားပျိုနှင့် ထိုပစ္စည်းများကို သုံးယောက်လုံး ငေးစိုက်နေကြစဉ် ဦးဘိုးထင်သည် ခြေစုံဖြင့် မားမားရပ်လိုက်၏။

"ဟော့ ... မင်း ဘယ်သူလဲ"

ယောက်ျားပျိုကား ပါးစပ်ဖြင့် အဖြေမပေးချေ။ ကျွန်းသေတ္တာကို သော့ဖြင့်ဖွင့်ပြီးနောက် သုံးပေမျှရှည်သော နက်ပြာရောင် ကတ္တီပါအိတ်ငယ်တစ်ခုကို လက်နှစ်ဖက်ဖြင့် ရိုရိုသေသေကိုင်ပြီး ခြေစုံရပ်ကာ ငှက်ကြီးတောင်တင်းတင်းဆုပ်ထားသော ဦးဘိုးထင်အား ကမ်းပေးလေ၏။ ဦးဘိုးထင်သည် လက်တွင်းမှ ဓားကိုမချဘဲ ကတ္တီပါအိတ်ရှည်ကို လက်နှစ်ဖက်ဖြင့် လှမ်းယူကာ တစ်ပတ်ပြည့်အောင်လှည့်မိသောအခါ၌ "မျိုးမြင့်ရန်နောင်" ဟူသော ငွေချည်ပေါက် စာတမ်းကြီးကို တွေ့ရလေ၏။ ကိုမြဒင်နှင့် မြင်မြင်သည် ထိုလူနှင့်ကတ္တီပါအိတ်ကို တစ်လှည့်စီ ကြည့်နေလေသည်။

ထို့နောက် ယောက်ျားပျိုသည် သားရေသေတ္တာကြီးကို ရှောက်ဂျက်နှင့် ဖွင့်ပြန်လျှက် ကြေးပုရပိုက်နှင့်တူသော ကြေးနီပြားတစ်ခုကို ယခင်နည်းတိုင်း လက်နှစ်ဖက်ဖြင့် ကမ်းပေးပြန်လေ၏။ ထိုကြေးနီပြားမှာ အလျား ၁၀ လက်မ၊ အနံ ၅ လက်မမျှ ရှိပေလိမ့်မည်။

ဦးဘိုးထင်သည် ယောက်ျားပျိုလက်သို့ ကတ္တီပါအိတ်ရှည်ကလေးကို ပြန်အပ်ပြီးနောက် ကြေးနီပြားပေါ် အတန်ကြာ စူးစူးစိုက်စိုက် ကြည့်နေလေ၏။

mgyoe.com

mgyoe.com


ပြီးမှ ဦးဘိုးထင်၏ ခက်ထန်သောမျက်နှာသည် တစ်မုဟုတ်ချင်း ပြောင်းလဲ ကြည်လင်လျက် လက်ထဲမှ ၄က်ကြီးတောင်ဓားကို လွှတ်ချကာ ယောကျ်ားပျို့အား ကြေးနီပြားကို ယခင်နည်းအတိုင်း လက်နှစ်ဖက်ဖြင့် တရိုတသေ ကမ်းပေးရင်း ဦးညွှတ်ထားလိုက်ရာ လက်က လွှတ်သွားမှ ဦးဘိုးထင်သည် ခေါင်းထောင်ပြုံးရယ်ပြန်လေ၏။

"အိမ်း … လက်စသတ်တော့ မောင်ရင်ကိုး၊ မမြင်ရတာလည်း နှစ်ပေါင်း အတော်ကြာပြီ၊ လူကောင်က ကြီးထွားတဲ့အပြင် ငယ်ရုပ်လည်း မရှိတော့ဘူး။ မင်းသာ ဒါတွေမပြရင် ဦးလေးတော့ မဟာအမှားပဲ …"

"ကျွန်တော် တောင်းပန်ပါတယ်။ လွန်သမျှ ဝန်ချပါရစေ …"

"အေး … အေး … ငါကျေနပ်တယ်၊ ဒါပေမဲ့ မောင်ရင် မငယ်တော့ဘူး၊ ခုတောင် အယူအကောက်လွဲနေသေးသလား၊ ရန်သူကို လက်စားချေတယ်ဆိုတာ ဒီလို အသေးအဖွဲ …"

"ဟုတ်ကဲ့ … ကျွန်တော် နားလည်ပါပြီ၊ သူ့ကို မြင်မြင်ချင်း ကလေးဘဝကို ပြေးသတိရမိတယ်၊ ကျွန်တော့် စိတ်ထဲ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ခံခဲ့ရတာကို ချက်ချင်း ခံရသလို စိတ်မှာဖြစ်သွားပြီး ယောင်ယမ်းချေပမိတာပဲ၊ ကျွန်တော် သတိလစ်ပြီး ခုလိုဖြစ်ရတာကို လမ်းထဲမှာ တောင်းပန်ပြီးပြီ၊ ခုတစ်ခါလည်း တောင်းပန်ပါတယ်"

mgyoe.com

mgyoe.com


"ကဲ ... သမီး၊ ကျေနပ်ရဲ့လား"

ဦးဘိုးထင်သည် သမီးဘက်လှည့်မေး၏။ မြင်မြင်ကား ညွှဲသည် ယောက်ျားပျို၏ လှမ်းပေးပြသသည့် ပစ္စည်းများကို လေးစားရှိသေသည့် ဖခင်၏အမူအရာကို များစွာအံ့ဩမိ၏။ ယောက်ျားပျိုသည် ခက်ထန်စွာ ယောက်ျားပီသသော အမူအရာမှတစ်ပါး ရိုင်းပြစော်ကားသော အင်္ဂါရုပ်ဟူ၍ လှုပ်လှုပ်မျှ ပေါ်မလာတော့ချေ။ ဖုံးအမြောက်စိန်ပြောင်းနှင့် သွေးချောင်းစီးအောင် ပစ်ခတ်သတ်ဖြတ်သော သေနင်္ဂဗျူဟာပင် လက်နက်ချ တောင်းပန်လာက ကျေချမ်းရသေး၏။ မြင်မြင်နှင့် သူ၏ ရန်သတ္တရုသည် စစ်မက်ပြုသလောက် မကြီးကျယ်ချေ။ ထိုမှတစ်ပါး မိမိပါးပေါ်သို့ ရောက်လာသော သူ၏လက်တစ်ဖက်သည် အကြောင်းမဲ့စော်ကားခြင်းမဟုတ်၊ သူ့စကားအရ လွန်ခဲ့သော ၁၅ နှစ်ကျော်လောက်က ရန်ငြိုးဖြစ်ရာ ထိုရန်ငြိုးကို အစပေါ်အောင် ဖော်၍မရ၊ မိမိ ရန်ကုန်သို့ ရောက်နေသည်မှာ ၁၅ နှစ်ကျော်မျှရှိပြီဖြစ်၍ ထို ၁၅ နှစ်၏ ရှေ့ကို ပြန်လှန်စစ်ဆေးသော်လည်း မိမိမှာ ထိုအခါက မေ့လွယ်ပျောက်လွယ် လူမမယ်ဘဝလောက်မျှသာ ရှိသေးသည့်အတွက် တစ်ခါတစ်ရံ အိပ်မက်သဖွယ် အကောင်အထည်ကလေးပေါ်လာနိုးနှင့် အစကို နင်းမိပြီးမှ စဉ်းစားလေ ... မပေါ်လေ ဖြစ်နေလေသည်။

ဦးဘိုးထင်က "ဘယ့်နှယ်လဲ သမီးရဲ့၊ တစ်ဖက်လူ တောင်းပန်နေရင် ကျေနပ်မှပေါ့၊ သူ အကြောင်းမဲ့ စော်ကား

mgyoe.com

mgyoe.com


ရိုင်းပြချင်တဲ့ သူငယ်မဟုတ်ကြောင်းကို ဖေဖေက ဝင်ပြီး ထောက်ခံပါတယ်"ဟု ထပ်ဆိုမှ ...

"ဟုတ်ကဲ့ ... ကျွန်မ ကျေနပ်ပါတယ်"ဟု ပြောရင်း မြင်မြင်သည် ဝရံတာဘက် ထွက်သွားသဖြင့် ကိုမြဒင် လည်း နောက်မှ ပါ၍သွားလေ၏။

ဝရံတာနှင့် ဧည့်ခန်း ဝင်ထွက်သောအပေါက်မှာ ဖြူ ဆွတ်သော ပိတ်ပါးဖြင့် ကာထား၏။ လူတစ်ကိုယ်စာမျှ ဟနေရာ အတွင်းမှ အပြင်ကို မြင်ရသကဲ့သို့ အပြင်မှလည်း အတွင်းကို ကောင်းကောင်း မြင်နိုင်လေသည်။

ယောက်ျားပျိုသည် ကြမ်းပေါ်မှဓားကို ကောက် ကိုင်ပြီးနောက် လေးငါးချက် ဆ,ကြည့်၏။ ထို့နောက် ခုတ်ဟန်ပြ၍လွှဲကြည့်၏။ အသွားကိုလက်ဝဲဖြင့် စမ်းလိုက် ပြီးမှ ...

"တော်တော် ခုတ်အားကောင်းတယ် ဦးလေး"

"အေး ... အေး ... မောင်ရင်တို့ လက်မျိုးနဲ့ဆိုရင် တအားပေါ့"

"ရော့ ... ရော့ ... ကျွန်တော် ဒီမှာပဲ တည်းခိုရလိမ့် မယ်၊ ကျွန်တော့်ပစ္စည်းတွေ သိမ်းဆည်းဖို့ နေရာညွှန်ပါ"

"ဟောဒီအခန်းပဲ မောင် ... ဦးလေးက အရှေ့မြောက် ထောင့်အခန်းမှာအိပ်တယ်၊ သမီးက ဟောဟိုအခန်း၊ မောင် က ဒီအခန်းနေတာပေါ့၊ ဘယ်သူမှ မရှိဘူး၊ အောက်ထပ် မှာတော့ အစေခံကလေးတစ်ယောက် အိပ်တယ်၊ ပစ္စည်း တွေလည်း သဘောရှိယူသုံးတာပေါ့"

mgyoe.com

mgyoe.com


"ကျေးဇူးတင်တယ် ဦးလေး"ဟု ၄က်ကြီးတောင်ကို ပြန်အပ်ပြီး သားရေနှင့် ကျွန်းသေတ္တာနှစ်လုံးကို ဆွဲယူ ပျောက်ကွယ်၍ သွားလေ၏။

ဦးဘိုးထင်သည် ၄က်ကြီးတောင်ကို နေရာတကျ ပြန်သိမ်းပြီးနောက် ဝရံတာဘက်သို့ လျှောက်လာရာ "ဒါ ... ဘယ်သူလဲ ဖေဖေ"ဟု မြင့်မြင့်က ဆီးမေးလေ၏။ ဦးဘိုးထင်သည် ဧည့်သည်အခန်းဘက်သို့ တစ်ချက် စောင်းငဲ့ကြည့်ရှုပြီးနောက် "မင်းတို့က စိတ်မှတ်မှ မရှိဘဲ ကိုး ... ဟိုအရင် ... "ဟု ဦးဘိုးထင်သည် အတိတ်ဘဝ အကြောင်းကို ပြန်ပြောင်းဖြေဆိုတော့မည်ကဲ့သို့ ပါးစပ်ဟ လိုက်ပြီးမှ အနီးရှိ ကိုမြဒင်ဘက် တစ်ချက်ကြည့်ကာ ...

"ဟိုအရင် သူ့ခမည်းတော် ... အဲလေ ... သူ့အဖေနဲ့ ငါ အတော် ခင်ခဲ့တယ်၊ နင်တို့တော့ ဘယ်သိတော့မလဲ၊ ဒါပေမဲ့ တစ်နေ့နေ့တော့ နားလည်လာကြလိမ့်မယ်၊ သူတို့ အကြောင်းကို ငါတစ်ခါမှ မပြောခဲ့ဖူးဘူး၊ ဒါကြောင့် မင်းတို့ မသိတာ အမှန်ပဲ၊ မသိတဲ့လက်စနဲ့ မသိသလိုနေတာပဲ ကောင်းပါတယ်ကွာ ..."ဟု လျှောချလိုက်ပြီးမှ ...

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ဒီသူငယ်ဟာ လူဆန်း ကလေး၊ လူဆန်းကလေး ဆိုပေမဲ့ ဒီအသက်အရွယ်ကျ လာတော့ ငါလည်း ဒီတစ်ခါမြင်ရသေးတာပဲ၊ ဖအေ့ခြေရာ ကို ကြည့်ပြီး ပြောရတာကိုး၊ ဒါထက် ဦးလေးတစ်ခုမေး မယ် မောင်မြဒင်"

"ဟုတ်ကဲ့ ... မေးပါခင်ဗျာ"

mgyoe.com

mgyoe.com


"မောင်မြဒင် ငယ်ငယ်က ကြောက်လန့်စရာတွေ့လို့ ဒါမှမဟုတ် သူတစ်ပါး ခြောက်လို့ လန့်ဖျပ်ဖူးသလား"

"ဟုတ်ကဲ့ ... အကြိမ်ပေါင်းများစွာပေါ့"

"မင့်မိဘက ဘယ်လိုလုပ်သလဲ"

"စိုးရိမ်တကြီးနဲ့ ချော့တာပေါ့၊ ရေမန်းတွေတိုက်၊ ဂါထာတွေရွတ်၊ စလောင်းစာပစ်၊ အို ... ချီလို့ ပိုးလို့ပေါ့ ဦးလေးရာ"

"သူ့အဖေကတော့ ဒီလိုမဟုတ်ဘူး ... တစ်ခါ ဒီသူငယ်ကို ညအချိန်မှာ ကောင်ကလေးတွေက မကောင်းဆိုးဝါးလုပ်ပြီး ခြောက်လွှတ်လိုက်တယ်၊ ကလေးဟာ ငယ်သံပါအောင် အော်ပြေးလာတော့ 'ဟေ့ ... ဘာကြောက်စရာရှိသလဲ၊ မင်းသေရင် တစ္ဆေသရဲနဲ့တောင် အတူနေချင်နေရဦးမယ်၊ မင်းလည်း တစ္ဆေသရဲ ဖြစ်ချင်ဖြစ်မှာပေါ့' တဲ့၊ တစ်ခါက ရေသွားကူးလို့ ရေနစ်ခဲ့တယ်၊ သူများဆယ်လို့ ငိုပြန်လာတော့ 'မကူးရဘူး၊ နောက်တစ်ခါ မသွားရဘူး' လို့ မတားမြစ်ဘူး၊ 'မင်းဟာ ဇနက္ကမင်းသားလောက်မှ မကျင်လည်ဘဲကိုး၊ ဟိုး သမုဒ္ဒရာလောက်အပြောကျယ်ရင် ခက်မယ်၊ သွားကျင့်ချည်ဦး' လို့ ပြန်ခိုင်းလိုက်တယ်၊ မဆန်းဘူးလားမောင်"

"ဟုတ်ကဲ့ ... ဆန်းပြီလား ဦးလေးရဲ့"

"တစ်ခါတော့ သစ်ပင်ပေါ်ကကျတယ်၊ မေ့မြောပြီး သတိရလာတော့ 'ညံ့လိုက်တာကွာ၊ လေယာဉ်ပျံပေါ်က ခုန်ဆင်း၊ လေထီး မပွင့်တဲ့ကောင်တွေဟာ မင်းထက်ဆိုး

mgyoe.com

mgyoe.com


တယ်၊ မင်း သစ်ပင်ဖျားဟာ ဟိမဝန္တာလောက်မြင့်သလား' တဲ့ကွယ်၊ တစ်ကြိမ်ကလည်း လက်မှာ ဓားရှလို့ သွေး အတော်လွန်ဖူးတယ်၊ ကလေးကလည်း သံကုန်ဟာစ်ငိုတာ ပဲ... ကောင်းပြီ ... မင့်မိဘဆိုရင် ဘယ်လိုနေပါလိမ့်မလဲ"

"သားချစ်တဲ့ဇာနဲ့ ငါးရံ့ပြာလူး ဖြစ်နေမှာပေါ့"

"အေး ... ငါ့သားဆိုရင်လည်း ဒီလိုနေမှာပဲ၊ သူ့ အဖေကတော့ လူတစ်မျိုးပဲကွဲ့၊ 'ဟော့ကောင် ... တိတ်၊ ဒါလောက်နဲ့ ငိုရသလား၊ မင်းတို့ကြီးပြင်းလာရင် စစ်တိုက် ကောင်းတိုက်ရလိမ့်မယ်၊ စစ်ထွက်လို့ မတော်တဆ စစ်မြေ ပြင်မှာ လက်မောင်းတစ်ဖက်ပြုတ်သွားရင် မင်းဘယ်လို နေမလဲ'တဲ့ ... ကြားသလား မောင်မြဒင်"

ကိုမြဒင်ကား တအံ့တသြငေးမော နားထောင်နေ တော့လေသည်။ မျက်လုံးများသည်လည်း ဦးဘိုးထင်ဘက် တွင်မရှိ။ ဗြုန်းဒိုင်းအသံများဖြင့် သယ်ပို့ရွှေ့ပြောင်းနေသော အခန်းလွတ်ဘက်သို့ ရောက်နေရာ မြင့်မြင့်သည်လည်း ကိုမြဒင်ကဲ့သို့ မျက်လုံးကစားနေမိလေ၏။

"ကဲ ... ဘာသိဘာသာနေကြ၊ သူလည်း သူ့စိတ် ရှိသလိုနေပေစေ၊ ငါ့ကို သူနဲ့ပတ်သက်ပြီး ဘာမှထပ်မမေး နဲ့"ဟု ပြောကာ ဆိုကာ ထွက်သွားတော့သဖြင့် ကိုမြဒင် နှင့် မြင့်မြင့်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့် ရှုကျန်ရစ်ခဲ့လေ၏။

"ဘယ်လိုဟာလဲ မြင့်မြင့်"

"မသိဘူးလေ ... ရှင်တွေ့တဲ့အတိုင်းပေါ့"

mgyoe.com

mgyoe.com


ခဏာမျှကြာလျှင် ကိုမြဒင်သည် မနက်ဖြန်မနက် လာဦးမည်ဖြစ်ကြောင်းနှင့် မှာကြားနှုတ်ဆက် အိမ်ပေါ်မှ ဆင်းထွက်၍ သွားတော့သည်။

၀

mgyoe.com

mgyoe.com

# အခန်း ၄

အချိန်ကား … ညနေ ၅ နာရီခန့်၊ မြင်မြင်သည် ထူးဆန်းသော ချည့်သည်အား တစေ့တစောင်း ချောင်းမြောင်း ကြည့်ရှုမိလေသည်။ ဝင်ဝင်ချင်း ဆောက်နှင့်ထွင်းသကဲ့သို့ ဘုမသိဘမသိ ရရှိလိုက်သော လက်ဆောင်ကို မေ့ပျောက်အောင် ဖျောက်ဖျက်သော်လည်း မရခဲ့ချေ။ ချစ်ကြောက်ရိုသေသောဖခင်ကြီး စပ်ကြားတွင် ကွယ်နေ၍ အောင့်အည်းမျိုသိပ်လိုက်ရသော်လည်း အခဲမကျေဖြစ်နေ၏။

ချည့်သည်, သည်လည်း ချည့်သည်နှင့်မတူ၊ အခန်းထဲတွင် သဘောရှိ ရှင်းလင်းပြုမူနေ၏။ ထိုအခြင်းအရာကို မျက်နှာချင်းဆိုင် အိပ်ခန်းတစ်ခုမှ တွေ့နေရသော မြင်မြင်သည် သူ၏ ခံ့ထည်သောကျောပြင်ကြီးကို တစ်ခါတစ်ခါ ငေးမောကြည့်ရှုနေမိ၏။ တစ်ခါတစ်ရံ၌လည်း တစ်စုံတစ်ရာလုပ်ရင်း အမှတ်တမဲ့ လှည့်လာသော မျက်နှာကို အတော်ကြာ အကဲခတ်မိ၏။ သို့သော်လည်း လွန်ခဲ့သော

mgyoe.com

mgyoe.com

အတိတ်ကာလအကြောင်းကို ပြန်ပြောင်းတွေးတော၍ မရနိုင်။

"လူမှားပြီ၊ သူ လူမှားတာပဲ" ဟု စိတ်တွင်းမှ ဆို မိသော်လည်း ဖခင်ကြီး၏ ဝန်ခံစကားများကို ကြားယောင် မိပြန်သောအခါ မိမိသည် ငယ်စဉ်တောင်ကျေး ကလေးဘဝ က သူ့အပေါ် ကျူးကျော်စော်ကား မတရားပြုမိသည်မှာ အမှန်ဖြစ်၏။ "သူ ဘယ်သူလဲ၊ သူနဲ့ ဘယ်မှာတွေ့ကြ သလဲ၊ သူသည် ငါ့ကို ရန်စ,ခြင်းမဟုတ်၊ လက်စားချေမိ သည်ဟု ဆိုသည်။ တို့ငယ်ငယ်တုန်းက ... သြော် ... နေဦး ... နေဦး ...ဟို သာယာဝတီနယ်မှာ ... အို ... မဟုတ်သေး ဘူး၊ သူ့ကို ငါစဉ်းစားလို့မရဘူး၊ ငါမှတ်မိတဲ့အထဲမှာ ဒီရုပ်မျိုးမရှိဘူး။ ငါနဲ့အရင်းနှီးဆုံး ကစားဖော်လို့ ကိုမြဒင် တစ်ယောက်သာရှိတယ်၊ ငါ ရန်ကုန် ရောက်လာပြီးတဲ့ နောက် ကိုမြဒင်တစ်ယောက်သာ ငါရှိတဲ့ရန်ကုန်ကို သွားသွားလာလာ လုပ်နေတယ်၊ နို့ ... သူဟာ သာထူး များလား၊ သာထူးဟာ နွားကျောင်းသား၊ ဟိုတုန်းက ဆံရစ်ဝိုင်းကလေးနဲ့၊ အို ... သာထူးလည်းမဖြစ်နိုင်ဘူး၊ သာထူးဟာ သူ့လို မဖြူဘူး၊ အတော်မည်းတယ်။ နို့ ... ဖိုးတိုများလား၊ ဖိုးတိုကတော့ ဖြူတာပဲ၊ ဟာ ... ဖိုးတို ဘယ်ဖြစ်နိုင်လိမ့်မလဲ၊ ဖိုးတိုကတော့ နှာရောင်ကောက် ကောက် နဖူးမောက်မောက်နဲ့ ကြောက်စရာကောင်းအောင် နှုတ်ခမ်းထူတယ်၊ ဒီလူကတော့ နှာရောင်လည်းမကောက်၊ နဖူးလည်းမမောက်၊ နှုတ်ခမ်းလည်းပါးတယ်၊ ဖိုးတိုဟာ

mgyoe.com

mgyoe.com


ကြီးလာမှ ဘယ်နည်းနဲ့မှ သူ့လို ချောမလာနိုင်ဘူး၊ အဲ... နေဦး၊ နေဦး ... သတိရပြီး သူဟာ ဧကန္တ အောင်ထူး ကလေးဖြစ်ရမယ်၊ အောင်ထူးဟာ ဒီရုပ်မျိုးပဲ၊ ဟာ ... အောင်ထူးကိုလည်း ငါ ပါးမရိုက်ဖူးပါဘူး၊ ဒီကောင်ဟာ အင်မတန် သိမ်မွေ့တယ်၊ အရုပ်လည်း ဒီလောက်မြင့်လာ မယ့် လက္ခဏာမရှိဘူး၊ အောင်ထူး မျက်လုံးဟာ မှေးမှေး ကလေး၊ ဒီလူကတော့ မျက်တောင်ရှည် မျက်လုံးပြူးကြီး နဲ့ အင်မတန်ရဲရင့်တယ်၊ သူ့မျက်နှာဟာ လူတစ်ယောက်ကို ကြောက်လန့်ပုံမရှိဘူး၊ နေရာမကျရင် ရွတ်မယ့်ဖွတ်သမား ပဲ၊ ကြည့်ပါလား ...တစ်ခန်းလုံး မွှေနှောက်နေလိုက်တာ၊ သူ တစ်သက်လုံးနေလာတဲ့ သူ့အိမ်ကျနေတာပဲ"

ထိုအခိုက် ဧည့်သည်ယောကျ်ားပျိုသည် အပြင်သို့ ထွက်လာကာ မြင်မြင့်ရှိရာ အခန်းဘက်သို့ တူရူလျှောက် လာလေ၏။ မြင်မြင့်သည် အခန်းတွင်းမှ လျင်မြန်စွာထွက် ပြီး လက်တစ်ဖက်က တံခါးပေါင်ကို ကိုင်လိုက်သောအခါ ၌ ယောကျ်ားပျိုသည် အခန်းဝသို့ ရောက်နှင့်နေလေပြီ။

"ဦးလေး ဘယ်ရောက်သွားသလဲ၊ နေပေ့စေလေ၊ အားနာစရာကြီး၊ ခင်ဗျားကို ပြောရင်ပြီးမှာပေါ့"

"ဟုတ်ကဲ့ ... ပြောပါ"

"ကျုပ်အခန်းထဲမှာ ခင်ဗျားတို့ နေ့စဉ်သုံးနေတဲ့ ပစ္စည်းတွေရှိသလား"

"မရှိဘူးထင်တယ်၊ ဒီဟာ အသုံးချခဲ့တဲ့ပစ္စည်းတွေ ထည့်ထားတဲ့ အခန်းပိုပဲ၊ ဘာပြုလို့လဲ"

mgyoe.com

mgyoe.com



"ဘာမှမပြဘူး၊ ရှိရင် ဝင်ယူပြီး တစ်နေရာရာမှာ ထားဖို့ ပြောချင်လို့ပါ"

သူ့စကားအဓိပ္ပာယ် မြင်မြင်သိ၏။ နောက်နောင် သူနေပြီးသည့် အချိန်မှစ၍ ထိုအခန်းငယ်ကလေးအတွင်းသို့ မည်သူတစ်ဦးတစ်ယောက်မျှ ထွက်ပေါက်ဝင်ပေါက် လုပ်လိုဟန်မရှိ။ တစ်ဦးတည်းပိုင် သီးသန့်လုပ်မည့် လက္ခဏာရှိ၏။ မြင်မြင်သည် ဧည့်သည်၏ တည်ကြည်သောမျက်နှာကို အကဲခတ်လျက် ...

"ဒါတော့ အတိအကျ ဘယ်ပြောနိုင်ပါ့မလဲ၊ သုံးခဲလို့သာ ပစ်ထားရတယ်။ တစ်နေ့နေ့ ပေါ်ချင်ပေါ်လာမှာပေါ့။ ဘယ်နှစ်လောက်နေ ဘယ်ဟာအသုံးကျမယ်လို့ ကြိုတင်သိထားဖို့ ခဲယဉ်းသားပဲ"

"ဒါဖြင့် ဒီပစ္စည်းတွေအားလုံး တစ်နေရာရာမှာ ရွှေ့ပြောင်းထုတ်သိမ်းထားရင် ကောင်းလိမ့်မယ်ထင်တယ်"

စင်စစ်အားဖြင့် ထိုအခန်းတွင်းရှိပစ္စည်းများမှာ အိမ်၏ အကျယ်အဝန်းထက် ပိုနေသော စားပွဲ၊ ကုလားထိုင်၊ မတ်ရပ်ဗီရိုကြီးများ ဖြစ်၏။ အခန်းထောင့်တစ်နေရာ ဖုန်တက်နေသော စားပွဲတစ်လုံးပေါ်၌ကား မှန်ပေါင်နှင့် ဓာတ်ပုံပဟောင်းချပ်များ အချပ် ၂၀ ထက်မနည်း ကြိုးစည်းတင်မှောက်ထား၏။

မိမိဖခင်မှာ မင်းစိုးရာဇာထဲကမဟုတ်၊ သို့သော် ... ကုန်သည်ပိုင်းမှ ရန်ကုန်တွင် လူသိများလာသော စီးပွားရေးမသိမ်ငယ်သည့် လူတွင်ကျယ်တစ်ယောက်ဖြစ်ရာ တစ်နှစ်

mgyoe.com

mgyoe.com


တစ်နှစ်တွင် ထိုအိမ်ကြီးပေါ်၌ ဧည့်သည်ပေါင်းများစွာ လာရောက်တည်းခိုဖူး၏။ မည်သည့် ဧည့်သည်မျှ တစ်လကိုးသီတင်းမတည်းခိုဘူးသည့်အပြင် တည်းခိုသောဧည့်သည်များမှာလည်း ထားရာကနေပြီး ဝေငှဧည့်ခံမှုစားရ၏။ သူ့မှာကား ရက်ပေါင်းလပေါင်း မည်မျှ ခိုအောင်းတည်းခိုမည်မသိ၊ အိမ်ကြီးပေါ် အိမ်ကလေး တည်ဆောက်နေချင်လေသည်။ မြင်မြင်သည် အိမ်သည်ကို မော်မောက်စွာကျယ်လာသော ဧည့်သည်တစ်ယောက်အား ကြည်ဖြူသဒ္ဓါမထားလိုချေ။

သို့သော် မိမိမှာ ဤအိမ်ကြီးပေါ်၌ လူကြီးမဟုတ်၊ မိမိထက် သားသမီးအရင်းအချာမှန်သော်လည်း ငါးခြောက်ဆိုဖုတ်ပြီးမှ နှစ်သက်လိုလားသော တည်တည်ခံ့ခံ့ ဖခင်ကြီးတစ်ယောက် မျက်မှောက်တွင် ရှိနေသေးလေသည်။ ဖခင်ကြီး၏အမူအရာကို ကြည့်ရခြင်းအားဖြင့်လည်း သူ၏လေးစားသော ဧည့်သည်တစ်ယောက်အပေါ် အဖေထက်သားတစ်လကြီးသောအလုပ်ကို လိုလားနှစ်မြို့မည်မဟုတ်ချေ။ သို့ဖြစ်လေရာ မြင်မြင်သည် အောင့်သီးအောက်သက် အခံခက်ခက်နှင့်ပင် ယောကျ်ားပျိုကို တိမ်းရှောင်ပြီး မျက်နှာချင်းဆိုင်အခန်းသို့ ဝင်သွားလေတော့ရာ ယောကျ်ားပျိုလည်း မြင်မြင်နောက် ထက်ကြပ်လိုက်ပါသွားလေ၏။

အတွင်းသို့ရောက်သောအခါ မြင်မြင်သည် အခန်းတစ်ခုလုံးနှံ့စပ်အောင် ကြည့်မိ၏။ လပေါင်းများစွာ မလှည်းမကျင်းသဖြင့် ဖုန်အတိပြီးသော အခန်းကလေး၏ ကြမ်းပြင်

mgyoe.com

mgyoe.com


သည် ပျဉ်းကတိုး လှျာထိုးကြောင့် ပြောင်လက်ကာ အခန်းထောင့်တစ်နေရာ ပြတင်းနှင့်တည့်တည့်တွင် တစ်ယောက်အိပ်ခုတင်တစ်လုံးကို အသင့်ပြင်ဆင်ထားသော်လည်း အိပ်ရာခြင်ထောင်များ မတွေ့ရချေ။ ခုတင်၏ ခေါင်းရင်းဘက်ကျကျတွင်မူ သုံးချောင်းထောက်စားပွဲဝိုင်းကလေးတစ်ခုကို တစ်စုံတစ်ရာ တင်မည့်အသွင် အသင့်ပြင်ထား၏။ ကျွန်းသေတ္တာရှည်ကလေးမှာ ကြမ်းပြင်ပေါ်လဲလျောင်းနေသော်လည်း သူ၏ ဇရာမသားရေသေတ္တာကြီးကား ခုတင်အောက် ရောက်နေလေပြီ။

မြင့်မြင့်သည် ခုတင်နှင့် ၁၀ ပေမျှအကွာ ခေါင်းရင်းပြတင်းတစ်ခုနှင့် တည့်တည့်ခင်းထားသော ပက်လက်ကုလားထိုင်တစ်လုံးဘက် လျှောက်သွားပြန်၏။ တောင်မြောက်လေးပါးကြည့်၍မမြင်မှ အခန်းပြင်ဘက်ထွက်တော့အံ့ဟု ကိုယ်ကလေး လှည့်လိုက်စဉ် ယောကျ်ားပျိုသည် တစ်စုံတစ်ရာကို စားပွဲကြီးတစ်ခုပေါ်မှ ဆွဲယူရင်း ...

"ရော့ ... ဒါ ခင်ဗျား နေ့စဉ်အသုံးချနေတဲ့ဟာပဲ မဟုတ်လား" ဟု မြင့်မြင့်အား လာရောက်ပေးကမ်း၏။ မြင့်မြင့်သည် ထိုလူအား မော်ကြည့်ရင်း အံ့သြချင်သလို ဖြစ်လာ၏။

အကြောင်းမူကား သူ ကမ်းပေးသောအရာမှာ မိမိနေ့စဉ် ခုန်နေကျ ချောမွတ်သော လက်ကိုင်ရိုးနှင့် ကြိုးခွေဖြစ်၏။ သူသည် အခုမှရောက်လာသော ဧည့်သည်ဖြစ်၍ မိမိနေ့စဉ်အသုံးချနေကြောင်း ထုတ်ပြောနေ၏။ သူ မည်သို့

mgyoe.com

mgyoe.com


အတတ်ဆိုနိုင်သနည်း။ မြင်မြင်သည် မိမိနေ့စဉ်ခုန်နေကျ ကြိုးခွေကို အောက်ထပ်တစ်နေရာရာ၌ ထားနေကျဖြစ်သော်လည်း မနက်က အိမ်ပေါ်သို့ မေ့လျော့ပါခဲ့သဖြင့် ဤအခန်းစားပွဲကြီးပေါ် သွားရောက်တင်မိခြင်းဖြစ်၏။

"ဟုတ်တယ် ... ဒါ ကျွန်မ ခုန်နေကျကြိုးပဲ၊ နေ့စဉ်အသုံးချနေတာ၊ ရှင် ဘယ့်နှယ်သိသလဲ ..."

မြင်မြင်သည် ရင်းနှီးဆက်ဆံမပြုလိုသော ယောကျ်ားပျိုအား အံ့သြခြင်းစာတတ်ခံကြောင့် ခပ်မြန်မြန်မေးမိ၏။ ယောကျ်ားပျိုသည် မြင်မြင်အား ခပ်ပြုံးပြုံးရပ် ကြည့်ရင်း ပြုံးလိုက်သဖြင့် ပေါ်လာသောသွားတက်ကလေး ကိုလည်း ရှေးဦးစွာ တွေ့လိုက်ရလေ၏။ မျက်တောင်ရှည် အောက်မှ မျက်လုံးကျယ်ကြီးများသည် မပြုံးခင်မြင်ရသော မျက်လုံးထက် ပြုံးလိုက်သောအခါ ပို၍ ကြည့်ကောင်းလေသည်။ "ဒီရုပ်မျိုး ငါမှတ်မိဖို့ကောင်းတယ်"ဟု စဉ်းစားနေစဉ် ...

"ခင်ဗျားကြိုးဖြင့် ယူသွားလေ၊ ဒီဟာခင်ဗျား နေ့စဉ်အသုံးချနေကြောင်း ကျုပ်သိတာပေါ့။ စားပွဲပေါ်ကြည့်ပါလား၊ ဖုန်အတိ လိမ်းထပ်နေတယ်။ ဒါပေမဲ့ ကြိုးရဲ့ လက်ကိုင်ဟာ ပြောင်နေတယ်။ စားပွဲပေါ်ပစ်ထားတာ ကြာမယ်ဆိုရင် စားပွဲပေါ်ဖုန်တက်သလို ကြိုးတစ်ခုလုံး လက်ကိုင်ပါ ဖုန်တက်ရလိမ့်မယ်။ ပြီးတော့ ကြိုးခွေနဲ့ လက်ကိုင်အောက်က ဖုန်ဟာ အလွတ်ကဖုန်ထက် အနည်းငယ်ပါးရမယ်။ အခုတော့ စားပွဲပေါ်က ဖုန်သားတစ်သားတည်းဖြစ်နေတာပဲ။ ပြီးတော့ ဒီအိမ်မှာ ခင်ဗျားတို့ သားအဖနှစ်

mgyoe.com

mgyoe.com


ယောက်နဲ့ အစေခံတစ်ယောက်သာရှိတယ်လို့ ဦးလေ ပြောပြီမဟုတ်လား။ အစေခံကလည်း သူ့ပစ္စည်းကို သူနေတဲ့ အောက်ထပ် အပေါ်ထပ်မှာ လာထားမှာမဟုတ်ဘူး။ ဦးလေးကလည်း ဒီအသက်အရွယ်မှ ကြိုးခုန်မှာ မဟုတ်ဘူး။"

"ဒါနဲ့ ကျွန်မ ဖြစ်ရောလား။ တစ်နေရာရာက ယူလာပြီး ဒီအခန်းထဲ မနက်ကမှ လာသွင်းတယ်ဆိုရင်ရော"

"ဘယ်ဟုတ်မလဲ၊ ခင်ဗျားကြိုးခုန်တာ ကွယ်လို့မရဘူး။ ခင်ဗျားလက်ဝဲဘက် ညို့သကျည်းမှာ ကြိုးငြိလို့ သားရေလန်နေတာပဲ"

မြင်မြင်သည် မျက်လုံးကလေးဝိုင်း၍ နေလေ၏။ ကိုယ်ကလေးကုန်းရင်း ထဘီအောက်နားကို အသာမ, ကြည့်ရာ ခြေသလုံးအောက်ပိုင်းတွင် ကြိုးဒဏ်ကြောင့် တကယ်ပင် သားရေလန်နေသည်ကို တွေ့ရလေသည်။ ဆတ်ကနဲ ကိုယ်ကလေး ပြန်ရပ်မော်ကြည့်လိုက်ရာ ...

"လန့်သွားသလား ... ကျုပ်ကို အထင်မလွဲနဲ့၊ စောစောက ကားပေါ်က ကျုပ်ပစ္စည်းတွေ ဆွဲချကုန်းလုပ်နေတုန်း ခင်ဗျား ဒေါသနဲ့ ကျုပ်ဘေးကဖြတ်ပြီး ထဘီစွန်တောင်ဆွဲနဲ့ တက်သွားတယ်မဟုတ်လား။ ကျုပ်ကုန်းလုပ်နေတုန်း အမှတ်မဲ့ ကြည့်လိုက်တယ်..."

ထိုအခါမှ မြင်မြင်သည် သက်ပြင်းကြီးချလိုက်ကာ...

"ကဲ...ရှင် ကြိုးငြိတာမဟုတ်ဘူး။ တစ်ခုခုနဲ့ ခိုက်မိ

mgyoe.com

mgyoe.com


တာပါပဲ"

"ဟာ...ဘယ်လိုဖြစ်မလဲ။ ခင်ဗျားကိုကြည့်ရင် သိတယ်။ ကိုယ်လုံး ကိုယ်ပေါက် လှတယ်ဆိုတဲ့ မိန်းကလေးတွေ ခင်ဗျားလောက်ကြည့်မကောင်းဘူး။ ခင်ဗျားက အောက်ပိုင်း ထယ်တယ်, တောင့်တယ်, တင်းတယ်။ ကြိုးခုန်ထားလို့ ခါးအောက် တင်ပါးကစပြီး သလုံးသားအထိ အသားအရေဆင်းပြီး တင်းချင်တိုင်းတင်းနေတာ"

ရန်သူဟု မာန်မူနေသော မြင်မြင်သည် တစ်ခွန်းမှ နှစ်ခွန်း၊ နှစ်ခွန်းမှ သုံးခွန်းသို့ ရောက်ခဲ့၏။ မိမိနှင့် အရင်းနှီးဆုံးသူမှာ ကိုမြဒင်ဖြစ်သည်။ ကိုမြဒင်မှာ အထူးစုံထောက်တစ်ယောက်ဖြစ်သည့်တိုင်အောင် စုံထောက်ပညာတစ်စိတ်တစ်ဒေသကို ယနေ့ထိ မခံစားရသေးချေ။ ထိုလူ၏ အတွေးအခေါ်အမြော်အမြင်ကြောင့် အံ့သြချင်သောစိတ်တွေ ပပျောက်ကုန်သော်လည်း သူ၏အကင်းပါးသော အရိပ်လက္ခဏာကိုမူ မချီးမွမ်းဘဲမနေနိုင်။ မြင်မြင်ကား သူ၏အရပ်မြင့်သောမျက်နှာနှင့် ခြေဖျားကို စိတ်ထားတစ်မျိုးနှင့်ကြည့်ပြီးနောက် အပြင်သို့ ထွက်တော့မည်ဟု ချိန်ရွယ်ပြန်ရာ ယောက်ျားပျိုသည် ခုတင်ဘက်လှည့်လိုက်လျက် ...

"ကျုပ်မှာ အိပ်ရာမပါဘူး။ ဒီအိမ်မှာ ခြင်ကိုက်သလား"

"အနည်းအကျဉ်းတော့ ရှိတာပေါ့"

"ဒါဖြင့် အိပ်ရာတစ်လိပ်နဲ့ ခြင်ထောင်ပေးပါ"

mgyoe.com

mgyoe.com


"ဟောဟိုမှာရှိသားပဲ၊ ညည့်သည်တွေအတွက် သိမ်း သန့်ထားတာပဲ၊ ယူသုံးပေါ့" မြင်မြင်သည်ထောင့်တစ်နေ ရာရှိ မတ်ရပ်ဗီရို၏ အောက်ပိုင်းကို ညွှန်ပြ၏။ ယောက်ျား ပျိုသည် ခြေလှမ်းကျဲကြီးဖြင့် ဗီရိုအောက်တံခါးကို သွား ဖွင့်ပြီးနောက် ...

"အသစ်ပဲလား၊ အနံ့အသက်များ ကင်းရဲ့လား"

"မပြောတတ်ဘူးရှင့် ... ညည့်သည် လာတည်းပြီး ရင် နေပူထုတ်လှမ်း၊ အခင်းနဲ့ခေါင်းအုံးစွပ်တွေ သေသေ ချာချာ ခဝါပေးပစ်တာပဲ။ သူစိမ်းတစ်ရုံဆံရဲ့ အနံ့အသက် တွေ မထားဘူး"

မြင်မြင်သည် ဘုကျကျ တောနေ၏။ ယောက်ျား ပျိုသည် ဗီရိုတံခါးကို ဂျိမ်းခနဲ ပြန်ပိတ်လှည့်ကာ ပြီးနောက် ခုတင်အောက်မှ သားရေသေတ္တာကြီးကို ဆွဲထုတ်လေ သည်။ ထို့နောက် ခရီးဆောင်လေခေါင်းအုံးတစ်ခုကို ဖောင်း ကားလာအောင် ပါးစပ်ဖြင့်မှုတ်သွင်းလျက် ဖျာသစ်တစ် ချပ်ဆွဲခင်းထားသော ခုတင်ပေါ် ပစ်တင်လိုက်လေ၏။ ပြီးမှ ဂွမ်းဖြူခင်းထည်တစ်ခုကို ကျကျနနခင်းလျက် တက္ကလတ် စောင်ထူကြီးတစ်ခုကိုလည်း ခုတင်ခြေရင်းတန်းပေါ်တွင် လွှားတင်လိုက်၏။

ခြင်ထောင်တော့ မရှိဘူး၊ နေပေစေ၊ လမ်းထဲမှာ သည့်ထက် ဒုက္ခရောက်ခဲ့သေးတယ်။ ရှေ့ကိုလည်း မြေပြင် သင်ဖြူး၊ ဆူးမွေ့ရာ၊ ကျောက်ဖျာခေါင်းအုံးလုပ်ဖို့ အများ ကြီးရှိသေးတယ်။ ကိုင်း ... ခင်ဗျား သွားနိုင်ပြီ"

mgyoe.com

mgyoe.com


သူ အမိန့်မပေးလည်း သွားမည်ဖြစ်သော မြင်မြင်သည် ကြောင်တက်တက်နှင့် ထွက်လာရလေ၏။ အချိန်ကျလာသဖြင့် စားရေးသောက်ရေး ပြင်ဆင်ရန် အောက်ထပ်သို့ ဆင်းသွားသောအခါ ဧည့်သည်ကား သူ့ကိစ္စပြီးဟန်မတူ။ အပေါ်ထပ်မှ ခပ်ကြမ်းကြမ်း ခြေသံ၊ သေတ္တာများရွေ့သံ၊ တွန်းသွင်းသံများကို ကြားနေရလေ၏။ အတော်ကြာလျှင် အသံများ တိတ်ဆိတ်သွားပြီးနောက် ဒူးဆစ်မပေါ့တပေါ် ရေလဲဝတ်၊ မျက်နှာသုတ်ပဝါ လည်ပင်းသိုင်းပြီး လက်နှစ်ဖက်တွင် လုံကွင်းတစ်ထည်နှင့် ပါမိုလစ်ဆပ်ပြာခွက် ကိုင်ဆင်းလာသော ယောက်ျားပျိုကို တွေ့ရလေသည်။

"ရေချိုးခန်း ဘယ်မလဲ"

"ဟောဟိုမှာ ရှင့်"

"အိမ်သာရော"

"ဟောဒီကသွား၊ ညာဘက်ကိုကွေ့၊ တည့်တည့်သွား၊ လက်ယာဘက်ကိုဝင်၊ အောက်ကိုဆင်း၊ ရေမြောင်းတံတားကလျှောက်၊ တံုးကိုကျော်၊ တံခါးကိုဖွင့်"

"နေဦး ... နေဦး ... ကျုပ်ခေါင်းရှုပ်သွားတယ်။ ခုအရေးမကြီးပါဘူး။ သိထားရင်ကောင်းမလားလို့"

ယောက်ျားပျိုသည် ဦးခေါင်းတလည်လည်ဖြစ်နေရာမှ ရေချိုးခန်းသို့ လျှောက်သွား၏။ မြင်မြင်ကား တလွဲတချော်ညွှန်ပြနေခြင်းမဟုတ်။ ပြတင်းတစ်ခုမှ ထိုးပြလျှင်မြင်နိုင်သော အိမ်သာကို လမ်းစဉ်အတိုင်း စိတ်ပေါက်လက်

mgyoe.com

mgyoe.com



ပေါက်နှင့် ညွှန်လိုက်ဖြစ်၏။ ယောက်ျားပျို ရေချိုးခန်းထဲ ဝင်ရောက်ပျောက်ကွယ်သွားမှ မျက်စောင်းထိုးကလေးနှင့် ချာကနဲလှည့်ကာ အိမ်ပေါ်သို့တက်ခဲ့လေ၏။

မြင်မြင်သည် အစေခံကလေးပြင်ဆင်နေသော ထမင်းပွဲပြီးလုနီးသဖြင့် ဖခင်ကြီးကို အကြောင်းကြားရန် တက်လာခြင်းဖြစ်ရာ ဖခင်ကြီးအခန်းကိုရောက်ဖို့ရန် မိမိ အိပ်ခန်းနှင့် ဧည့်သည်၏ မျက်နှာချင်းဆိုင်အခန်းကို ဖြတ်ကျော်ရပေမည်။ ထိုနေရာများကို ဖြတ်ကျော်ရန် ခြေလှမ်းကလေးသည် အလိုလိုရပ်သွားကာ ဧည့်သည်၏အခန်းကို မျက်မှန်းတန်းမိ၏။

အခန်းတွင်း၌ မည်သို့မျှ မထူးခြားလှချေ။ သို့သော် မူလက တစ်စုံတစ်ရာ တင်မထားသော ခေါင်းရင်းဘက် သုံးချောင်းထောက် စားပွဲဝိုင်းကလေးပေါ်တွင် နက်ပြာရောင် ကတ္တီပါအိတ်ရှည်သည် ခုတင်နှင့်အလိုက်သင့် တင်ထားရောက်ရှိနေ၏။

အိတ်မှာ တွဲညွှတ်ခွေကျနေခြင်းမရှိ။ အနေအထားကိုကြည့်ရခြင်းအားဖြင့် အတွင်းဘက်တွင် ရှည်လျားမာကြောသော အရာဝတ္ထုတစ်ခုခုရှိရမည်ကို သိ၏။ မိမိဖခင်သည် ထိုအရာဝတ္ထုကို လက်နှစ်ဖက်ဖြင့် တရိုတသေ၊ လေးလေးစားစား ကိုင်တွယ်ပြန်အပ်ခဲ့လေသည်။ ထိုအပြုအမူကို မိမိနားမလည်၊ ထူးခြားလေစွ။ အောက်ထပ်ရေချိုးခန်းမှ တဖြုန်းဖြုန်း ရေလောင်းသံကား အဆက်မပြတ်ချေ။ မြင်မြင်သည် ကြောင်ထက်နူးညံ့ပေါ့ပါးသော ခြေဖဝါးဖြင့်

mgyoe.com

mgyoe.com


အတွင်းသို့ ချွတ်နင်းဝင်ခဲ့၏။

"မျိုးမြင့် ... ရန်နောင်" ဟူသော ငွေချည်ထိုးနှင့် ဝိုင်းစက်သော စာတန်းကြီးသည် သူ့အား မျက်လုံးပြူး ကြည့်နေသကဲ့သို့ ရှိ၏။ မရဲတရဲ သေးသွယ်သောလက် ညှိုးကလေးဖြင့် တဖြည်းဖြည်း စမ်းထောက်ကြည့်ရာ အတွင်းမှ မလုံးမပြားအမာတစ်ခုခုဟု သိရှိရုံမှတစ်ပါး တခြား ဝေခွဲမရချေ။ သူသည် ထိုပစ္စည်းကို ခေါင်းရင်း၌ အထွတ်အမြတ်သဖွယ် ကိုင်းညွှတ်စွာ တည်ထားသည်ကို ကား မြင်မြင် နားလည်၏။

အောက်မှရေသံလည်း တိတ်ဆိတ်သွားတော့ရာ မြင်မြင်သည် ရုတ်တရက် လှည့်ပြီး အပေါက်ဝသို့ လျှောက် လာ၏။ အထွက်ဘက် မျက်နှာမူမိနေသော အခန်းနံရံပေါ် သို့ မျက်လုံးရောက်မိသောအခါ ခေါင်းနပန်းများကြီးသွား သည်ထင်ရ၏။ မြင်မြင်သည် ထိုနေရာပေါ်ရောက်သွား သော မျက်လုံးကို ရုတ်တရက်ခွာမရ။ "မြန်မြန်ထွက်ပါ နောက်တစ်ကြိမ် သည်းခံမည်မဟုတ်"ဟု ကတ် ထူပြားတစ်ခုပေါ် မင်ဖြင့်ရေးထားသော စာလုံးကြီးများ သည် မြင်မြင်အား ဝါးခနဲဖြဲခြောက်လိုက်သကဲ့သို့ ဖြစ်၏။

ထိုထက် ထူးဆန်းသည်ကား အောက်နားရှိ စားပွဲ စွန်းပေါ်တွင် အိန္ဒိယနှင့် မြန်မာပြည် မြေပုံနှစ်ခုကို နောက်ခံ ဒေါက်များဖြင့် တင်ထောက်ထားခြင်းပင် ဖြစ်၏။ မြေပုံ နှစ်ခုလုံးမှာ အလျားနှစ်ပေ၊ အနံတစ်ပေစီခန့်ရှိပြီးလျှင် တစ်ခု နှင့်တစ်ခု သုံးပေမျှခွာထား၏။ ထိုမြေပုံနှစ်ခုလုံးပေါ်၌ ကား

mgyoe.com

mgyoe.com

ဂျောနီဝါကားအရက်ကြော်ငြာမှ မျက်နှာဖြူလူရုပ်ကြီး နှစ်ကောင်ကို အသီးသီးမတ်တတ်ရပ်နေစေ၏။ သူတို့ရပ်နေပုံနှင့် ပြုံးရွှင်သော မျက်နှာထားသည် ဒါ တို့ပြည် ဒါ တို့မြေဟု ကျူးရင့်ကြုံးဝါး ... ထိုမြေပုံနှစ်ခု၏ အဆီနှင့်အသားကိုဝါးစားစုပ်မျိုနေသည့်အသွင်ကို ဆောင်လေသည်။

မည်သည့်ရည်ရွယ်ချက်ဖြင့် ထိုပစ္စည်းများကို ပြင်ဆင်ထားသည်ဟု ဝေခွဲမရ၊ အောက်ထပ်မှ အပေါ်ထပ်သို့ တက်လာသည့်ခြေသံကို ကြားရသောအခါ၌ကား မြင်မြင်သည် နှစ်လှမ်း သုံးလှမ်းနှင့် အပြင်သို့ထွက်ခဲ့ကာ ဖခင်ကြီးရှိရာအခန်းသို့ စွတ်ဝင်သွားမိတော့လေသည်။

၀

mgyoe.com

mgyoe.com

# အခန်း ၅

နောက်တစ်နေ့နံနက် ၇ နာရီအချိန်တွင် မြင်မြင်သည် ကြိုးတစ်ချောင်းလက်တွင် ကိုင်လျက် အိမ်ဆေား ပန်းရုံတစ်ခုအနီးသို့ ရောက်သောအခါ ကြိုးကို နောက်သို့လှည့်လိုက်ရာမှ အားယူ စခုန်လေ၏။ ထိုနေရာ၌ အကြိမ်ပေါင်းမည်မျှရပ်ပြီးသည်ဟုမသိရ၊ အောက်ခံမြေကြီးသည် မြက်ပင်ကလေးပင် ရှာမတွေ့၊ ပြောင်၍ချော၍နေလေ၏။

အကြိမ်လေးငါးဆယ်မျှ မရပ်မနား ခုန်မိပြီးသောအချိန်တွင် လေးယောက်စီး မောရစ် ကားငယ်ကလေးတစ်စီးသည် နောက်ပိုင်း ဆီပုံးအပြည့်နှင့် ခြံတွင်းသို့ မောင်းနှင်ထိုးဝင်လာလေ၏။ ကားပေါ်မှ ယောက်ျားပျိုသည် ဆင်ဝင်အောက်ရောက်အောင် မောင်းသွားထိုးစိုက်ပြီးနောက် ကားပေါ်မှဆင်းကာ အိမ်ဆေားသို့ ကွေ့လျှောက်ပြီး မြင်မြင်အနီး

mgyoe.com

mgyoe.com


လာရပ်လေသည်။

မြင်မြင်ကား ... ထိုလူကို အမှတ်မဲ့တွေ့လိုက်ရ၏။ သို့သော် လှည့်မကြည့်ဘဲ ၅၁၊ ၅၂ စသည်ဖြင့် ပါးစပ်မှ မောသံကလေးနှင့် ရေတွက်ရင်း ဖြူဖွေးသော ခြေဖဝါး ကလေးကို အလှည့်ကျ မ, ခုန်နေလေ၏။ ၉၉၊ ၁၀၀ စသည်ဖြင့် ၁၄၉၊ ၁၅၀ ဟု ဆိုပြီးမှ အသာရပ်လိုက်ကာ...

"မောသွားတာပဲ ... သည်နေ့ ၅၀ ပိုခုန်လိုက်တယ်။ တစ်ရာအထိတော့ ခုန်နေကျမို့ ဘာမှန်းတောင်သိပ်မသိ ဘူး ... ခုတော့ အမလေး ... မောလိုက်တာ"

ဟောဟဲ ... ဟောဟဲနှင့် မြင်မြင်သည် အသက်ပြင်း စွာ ရှူနေ၏။ ဖြူဆွတ်သောအင်္ကျီ ရင်သားအစုံမှာ နိမ့်တုံ၊ မြင့်တုံ လေမုန်ပြင်းပြသဖြင့် လှိုင်းတံပိုးကြွနေသကဲ့သို့ပင် ကြိုးလက်ကိုင်ကို လက်တစ်ဖက်တည်းနှင့် လွှဲပြောင်းပူး ကိုင်လိုက်ပြီးနောက် ယောကျ်ားပျိုအနီးသို့ လာရပ်ကာ ...

"ခု ဘယ်က ဝင်လာသလဲ ကိုမြဒင် ... သည်ကနေ့ သိပ်စောပါကလား" ဟု မေးမှ ကိုမြဒင်သည် အတော်ကြာ မမှိတ်မိသော မျက်လုံးအစုံကို နှစ်ချက်သုံးချက်ခတ်လိုက် ပြီး ချွေးရွှဲသဖြင့် သနပ်ခါးရေကြဲကလေး ဖရိုဖရဲဖြစ်နေသော မျက်နှာကို အတော်ကြာ ကြည့်မိပြန်၏။ လက်မောင်း အင်္ကျီနှစ်ဖက်မှာလည်း ချွေးထွက်သဖြင့် ကပ်၍နေရာ နဂို က ကျဉ်းမြောင်းသောကြောင့် အင်္ကျီအသားကို ခွဲခြား၍မရ၊ ထို့နောက် ကိုမြဒင်သည် မြင်မြင်အား နှုတ်ဆက်သလို ပြုံးလိုက်၏။

mgyoe.com

mgyoe.com


"မြင်မြင်ကို ကြည့်ရတာ တော်ရုံယောကျ်ားတွေထက် ကျန်းမာတယ်။ နေ့စဉ်နဲ့အမျှ ချွေးရနေတော့ အသားအရေတွေလည်း ကြုံလှီခြောက်ကပ် မွဲစပ်စပ် အစားထဲကမဟုတ်ဘူး။ စိုစိုဖတ်ဖတ်ကြီး ..."

"ဖေဖေကတော့ အင်မတန်သဘောကျနေတယ်။ ငါ့သမီးငယ်ငယ်က ဖေဖေထင်တာထက် အသားအရေပိုကောင်းလာတယ်။ ခုန်သာခုန် ပြွမ်းထိုးနိုင်ရင်ထိုး၊ လူကျန်းမာရင် ပြီးရောလို့ ပြောတယ်။ ဟုတ်တယ် ကိုမြဒင် ... တစ်နှစ်လုံး မနက်တိုင်း အချိန်မှန် ခုန်လာလိုက်တာတစ်ခါမှ နေထိုင်မကောင်းမဖြစ်ခဲ့ဘူး။ စားလိုက် သောက်လိုက်တာလည်း မပြောနဲ့တော့။ သုံးပန်းကန်ကုန်တယ်။ ဖေဖေက ငါ့သမီးက သိပ်စားပါကလားတဲ့။ ဒါပေမဲ့ အသားအရေ အောက်ဆင်းလို့ မျက်နှာကျမသွားဘူးလား ကိုမြဒင်"

"ကျသွားတယ်ဆိုပါတော့၊ ဒါပေမဲ့ တချို့လှသလို မျက်နှာဖောသွပ်သွပ်မဟုတ်ဘူး။ ပြေပြေပြစ်ပြစ်ရှိတယ်"

ကိုမြဒင်သည် မြှောက်ပင့်ခြင်းမဟုတ်။ အတုအလုပ်ကို ဝါသနာမရှိ။ အစစ်အမှန်ကို ချီးမွမ်းခြင်းဖြစ်၏။ မြင်မြင်သည် ကိုမြဒင်၏ စကားကို နားကြားကျေနပ်ဟန်နှင့် ဦးခေါင်းကို ဘယ်ညာလှည့်၍ ငုံ့ကြည့်ပြီးနောက် ...

"ကျွန်မ အောက်ပိုင်းဟာ သိပ်ကြီးနေသလားရှင့်။ ညည့်သည်ကတော့ ကြည့်ကောင်းသတဲ့။ ကျွန်မ တမင်များသရော်သလားလို့"

mgyoe.com

mgyoe.com


"ကြီးတော့ကြီးတယ်၊ ဒါပေမဲ့ ရုပ်မဆိုးဘူး။ မိန်းကလေးများဟာ ဒီလိုကြီးမှ တင်းမာပေ့ါ၊ တချို့မိန်းမတွေဟာ မိန်းမနဲ့မတူဘူး။ ပေါင်ပိန်၊ ဖင်လိန်နဲ့၊ ဘယ်လောက်အကြည့်ရ ဆိုးသလဲ။ ပြီးတော့ မြင်မြင့်ခါးကသေးတော့ ပိုပြီး တင့်တယ်တယ်။ ဒါထက် နေပါဦး၊ ညှော်သည်က မြင်မြင်နဲ့ တော်တော်အလွမ်းသင့်သွားပလား ...."

ထိုစကားကား တွေ့ကာမြင်ခါစ သူစိမ်းတစ်ရံဆံ ယောက်ျားပျိုတစ်ယောက်က အကြင် မိန်းမပျိုတစ်ယောက်အား ပြောရမည့်စကားမျိုးမဟုတ်။ ကိုမြဒင်သည် စိတ်တွင် တစ်မျိုးတစ်ဖုံဖြစ်သွားသဖြင့် ဆက်မေးလိုက်ခြင်းဖြစ်၏။ "ဒီလို ကိုမြဒင်"ဟု အစချီပြီး မြင်မြင်သည် မနေ့ညနေက အဖြစ်ကို လုံးစေ့ပတ်စေ့ ပြန်လှန်ပြောပြလိုက်မှ ...

"အင်း ... တော်တော်ပါးနပ်တဲ့လူပဲ။ ကျုပ်တို့အလုပ်မှာ အများကြီး အသုံးဝင်တဲ့ စူးစမ်းရှာဖွေမှုတွေပေ့ါ။ ဒီလူ လောဂျစ် နားလည်လိမ့်မယ်။ နို့ ... သူဘာအလုပ်လုပ်သလဲ။ ဘာအတွက်နဲ့ ဒီမှာ လာတည်းသတဲ့လဲ ..."

"ကျွန်မ ဘယ်သိမလဲ။ ဖေဖေ့အကြောင်းလည်း ရှင်သိသားပဲ။ မမေးနဲ့ဆိုရင် အနားမကပ်နဲ့တော့၊ မရဘူး။ ဒါပေမဲ့ ဒီလူ ယိုးဒယားမှာ အနေများပုံရတယ်။ မနေ့က ထမင်းစားဝိုင်းမှာ ဖေဖေက ဒေသန္တရတွေ လျှောက်မေးတော့ အုပ်ချုပ်ရေးအယူဝါဒ၊ အလေ့အထ၊ အလုပ်အကိုင်တွေပြောသွားလိုက်တာ နားထောင်ချင်စရာကြီးပဲ။ ဘယ်ဟာကို ဘာခေါ်သလဲမေးလို့ ယိုးဒယား ဘာသာစကား

mgyoe.com

mgyoe.com


တွေနဲ့အများကြီးပြောသွားတယ်။ ဖေဖေ့ကိုကြည့်ရတာ သူ့ကို ပိုပြီးတောင် ကြည်ညိုသွားသလားမသိဘူး။ ပြီးတော့ သူက သူတစ်ပါး လက်ဝါးကြီးအုပ်ထားတဲ့နေရာမှာ အစေခံလို၊ ကျွန်လိုနေရတာထက် ကိုယ့်မင်းကိုယ့်ချင်းနဲ့ လူမျိုးခြားရပ်ကွက်မှာ ကြီးပြင်းရတာက အသိဉာဏ်တိုးသတဲ့။ သူ့ကို ကျွန်စိတ်ပေါက်သွားမှာစိုးလို့ ကျွန်တိုင်းပြည်မှာ မထားဘဲ တစ်နိုင်ငံမြို့ငယ်ခြားက လူတစ်ယောက်လက်ထဲ ကိုအပ်လိုက်တဲ့ သူ့ဖခင်ကို ကျေးဇူးတင်လို့မဆုံးဘူးတဲ့ ကိုမြဒင်ရဲ့"

ကိုမြဒင်ကား အတော်ကြာတွေစိုက်နေ၏။ အဝေးသို့ရောက်နေသော မျက်လုံးကို မြင်မြင်ဘက် သိမ်းယူလိုက်ပြန်လျက် ...

"နို့ ... သူ မြန်မာပြည်ကို ဘယ်တုံးက ရောက်သတဲ့လဲ"

"မပြောတတ်ဘူး၊ လွန်ခဲ့တဲ့ ရှစ်နှစ်၊ ကိုးနှစ်သားက ထွက်သွားလိုက်တာ မြန်မာပြည်ကို ၁၂၉၂ ခုနှစ်တုန်းက တစ်ကြိမ်၊ အခုတစ်ကြိမ် ပေါင်းနှစ်ကြိမ်သာ ရောက်သေးတယ်လို့ပြောတယ်။ ဒီမလာခင်ကလေးမှာလည်း ဂျပန်ပြည်ကို ရောက်သေးသတဲ့။ ဂျပန်ပြည်အကြောင်း ပြောသွားလိုက်တာလည်း စုံလို့ပဲ"

"အင်း ... အင်း ... တွေးဖို့ကောင်းတယ်။ လူကိုကြည့်ရတာလည်း လူတစ်မျိုးပဲ"

"ဟုတ်ကဲ့ ... အင်မတန်သွေးကြီးတယ် ကိုမြဒင်၊

mgyoe.com

mgyoe.com



သူ့အမူအရာ၊ သူ့အပြောအဆိုဟာ ဖေဖေ့ကို ဖယ်ထားရင် ကျွန်မကို လူတောင်မထင်ဘူး။ ဒါပေမဲ့ ထမင်းစားတော့ လည်း တစ်မျိုးရှင့်၊ ဧည့်သည်ဆိုလို့ ဖွယ်ဖွယ်ရာရာတွေ ကြော်လှော်ချက်ပြုတ်ကျွေးတယ်။ ဒီဟင်းတွေဟာ အဆိ အပြားနဲ့ အရသာကောင်းအားကြီးတယ်။ ဆားပျားလည်း သင့်တယ်။ ဒါပေမဲ့ ဆားရဖို့ ခဲယဉ်းတဲ့နေရာတွေ ကျွန်တော် ရောက်သွားရင် ဘယ်နှယ့် လုပ်မလဲ။ ပေါ့ပေါ့စားပါရ စေဆိုပြီး ဟင်းချိုမှာ ရေနွေးထပ်လောင်းတယ်။ ဝမ်းဘဲဥကို ဆားမပါဘဲနယ်စား၊ ဆိတ်သားဆီပြန်ကို ရေဆေးစား တယ်။ ထမင်းတစ်လုတ် ခရမ်းချဉ်သီးတစ်ကိုက်ပဲ။ အချိုတော့ အလွန်စားတယ် ကိုမြဒင်"

"သူ့အခန်းထဲ ဘာတွေသလဲ"

"ဟာ ... ဒါတော့ မပြောပါနဲ့။ မနေ့ညနေက သူ ရေချိုးနေတုန်း ကျွန်မ သူ့အိပ်ခန်းထဲရောက်သွားတော့ ..."

မြင်မြင်သည် တွေ့မြင်သမျှ အားရပါးရ ဖောက် သည်ချ၏။ ကိုမြဒင်သည် တစ်ခါတစ်ခါ ဧည့်သည်ရှိ မည်ထင်ရသော အပေါ်ထပ်သို့ လှမ်းမျှော်ကြည့်၏။

"သူ့နာမည် ဘာခေါ်သတဲ့လဲ"

"မပြောတတ်ဘူး။ ဖေဖေကတော့ မောင် ... မောင် နဲ့ ခေါ်နေတာပဲ"

"အေး ... မြင်မြင့်အဖေကတော့ တော်တော်ခက် တယ်။ သမီးကဖြင့် ဘုမသိ ဘမသိနဲ့ ပါးပေါ်မှာ ကောင်းကောင်း အမြတ်ရှိသွားပြီ"

mgyoe.com

mgyoe.com


ကိုမြဒင်ကား လူရိုးလူကောင်း၊ တစ်ဖက်သားကို ကျိုးနွံစွာပေါင်းတတ်၏။ မြင့်မြင့်နှင့် ခင်မင်ကျွမ်းဝင်လာ ရာ၌ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်ရင်း နေ့စဉ်နှင့်အမျှ တွေ့ဆုံ ကြုံကြိုက်ခဲ့သော်လည်း အိအိစက်စက် ထိရက်ကိုင်ရက် စရာမရှိသော မြင့်မြင့်၏ ပဥ္စငါးပါး အသားအရေတို့ စုဝေး ရာ ကိုယ်ကာယ အသွင်အပြင်ကို လက်ဖျားနှင့်ပင် မတင် ခဲ့ဖူးချေ။ ယခုကား အရိပ်တကြည့်ကြည့်နှင့် ပန်းလိုပျိုး ပိုးလိုမွေးခဲ့သော အချစ်ဆုံး၊ အမြတ်နိုးဆုံးသော ခင်မင်သူ တစ်ယောက်၏ ပါးပြင်ပေါ်သို့ မတော်တရော် ကိုယ်ထိ လက်ရောက် ကျူးလွန်သွားသူအား အခဲမကျေ ဖြစ်ရှာ၏။ မင်းမဲ့တိုင်းပြည်သာဖြစ်က ထိုလူသည် ဟိုနေ့ဟိုအချိန်က ပင် ခြောက်လုံးပြူးပြောင်းဝတွင် မုချကျေမွသွားမည်မှာ အမှန်ဖြစ်သည်။ ယခုကား မြင့်မြင့်ဖခင်ကြီးအတွက်ကြောင့် သာ ခေါင်းငုံ့ခံလိုက်ရလေ၏။

ထိုအခိုက် 'ညောင် ... ညောင်' ဟု ဖြည်းလေးစွာ ထွက်ပေါ်လာသောအသံကို ခြံဝင်းတစ်ဖက်မှကြားလိုက်ရ ၏။ 'ညောင် ... ညောင်' ဆိုသည့်အတိုင်း ညောင်နာနာ အသံကြီးဖြစ်ရာ မြင့်မြင့်သည် ရုတ်တရက် နောက်သို့လှည့် ကြည့်မိ၏။ ထိုအသံကား အဆန်းမဟုတ်။ ပြာသိုလဖြစ် သောကြောင့် သူတို့ဘာသာဘာဝ, လူများ သီတင်းကျွတ် သလို ကျွတ်ချင်သဖြင့် လူပျိုလှည့်တေးကောင်းနှင့် ရင်းငြောင်းမြည်ကြွေး ဖိုသံပေးဟန်ရှိ၏။

သာယာအေးငြိမ့် လေဖြင့်လိုမ့်၍ပါလာသော

mgyoe.com

mgyoe.com


တေးသံကို နာခံမိသော ရွှေဝါသည် အိမ်ပေါ်မှ လှေ့ခါးခနဲ ခုန်ဆင်းပြီးနောက် သူတို့နှစ်ယောက်ကိုမြင်မှ အသံရှင် ဘက်သို့ ရှက်စနိုးနှင့် ဣန္ဒြေရရ ဆင်မ,သွားသွား၏။ သို့ သော် ... လိုရာမရောက်၊ မြင်မြင်သည် "ရွှေဝါ...ရွှေဝါ ... ဟဲ့ မိရွှေဝါ" ဟု အော်ရင်းငေါက်ရင်း ပြေးပွေ့ရင်းနှင့်ပင် နီးရာခဲတစ်လုံး ကုန်းကောက်ပြီး ခြံတစ်ဖက်သို့ပစ်လိုက်ရာ တစ်ဖက်မှ အသံရှင် ကြောင်ထီးကြီးသည် "ကြဲ့သေးတယ်၊ ကုန်ဆွေးဗျာထုကြွယ်၊ ဘယ်ရေးကံငယ် စိမ်ဖန်တော့တယ် ညောင်...ညောင်" ဟု အော်ပြေးလေ၏။

"မိရွှေဝါ ... နင်တော့ ဒါပဲ၊ ငါပြောလိုက်ရ မကောင်းဘူး" ဟု ကြိမ်းဝါးရင်း မြင်မြင်သည် ရွှေဝါ၏ ခေါင်းကို ခပ်နာနာရိုက်ပုတ်မိစဉ် ...

"ခင်ဗျား မတရားဘူးဗျာ"

ထိုအသံကား ကိုမြဒင်၏ အသံမဟုတ်၊ အသံ ဆန်းဖြစ်၏။ မြင်မြင်သည် ခြေမကြွဘဲ ချာကနဲ စုံလှည့် လိုက်မိ၏။ အရပ်မြင့်မြင့် ဘိုကေမသေမသပ်နှင့် ပိုးဖျင်ရှပ် လက်တို နံ့သာရောင်၊ ရှမ်းဘောင်းဘီနက်ပြာရောင်၊ ပိန်းတန်းဖိနပ်စီးထားသော ယောက်ျားပျိုတစ်ယောက်ကို တွေ့ရ၏။ ထိုလူသည် လက်တစ်ဖက်ခါးထောက်ရင်း တစ် ဖက်က အရိုးရှည်ဆေးတံအိုးကိုဆုပ်ကိုင်ကာ မီးခိုးထောင်း ထောင်းထအောင် ရှိုက်ဖွာနေ၏။ မြင်မြင်သည် ထိုလူကို စိန်းစိန်းဝါးဝါးကြည့်ပြီး ...

"ဘာတုံး ... ဘာမတရားတာလဲ"

mgyoe.com

mgyoe.com


"သူများချစ်ခြင်းကို မခွဲပါနဲ့"

ထိုနေရာ၌ တခြားမိတ်ဆွေ တစ်ဦးတစ်ယောက်သာဖြစ်ပါမူ မြင်မြင်ရော ကိုမြဒင်ပါ ချောလဲရောထိုင် ပြုံးရယ်မိကြမည်ဖြစ်၏။ သို့သော် သူတို့နှစ်ဦးလုံး၏ တောက်ပသော မျက်လုံးသည် မိတ်ဆွေချစ်ကိုကြည့်သော မျက်လုံးများ အလျှဉ်းမရှိချေ။ မပြုံးတပြုံးနှင့် ခပ်တည်တည် ရပ်နေသော သူ့အမူအရာကိုသာ ငြိမ်သက်ငေးစိုက်နေကြ၏။

"မဟုတ်မှလွဲရော ... ဟိုက အော်သွားတာဖြင့် အတော်နာစရာကောင်းလိမ့်မယ်"

"ဘာများ အော်သွားပါလိမ့်"

"ပြည်ပန်းညို ချိုပါလျက်ကယ် ... ဆားက မြက်တယ်၊ တို့နှစ်ကိုယ် ကြင်ပါလျက်ကယ်ကြားက ..."

ထိုလူသည် ဆက်မပြောဘဲ ဣန္ဒြေရရ ဆေးတံဆက်ဖွာနေ၏။ ကိုမြဒင်မှာ ပြုံးရုံပြုံးမိပြီး မြင်မြင်ကား ခွက်ကနဲအသံထွက်သွားတော့ကာ နောက်မှ မျက်နှာကို တည်တည်ပြန်ထားပြီး ...

"တိရစ္ဆာန်ပေမယ့် ကိုယ်တစ်သက်လုံး ကျွေးမွေးထိန်းသိမ်းလာတော့ သွေးလိုသားလို သဘောထားပြီး စောင့်ရှောက်ရတယ်။ ပေါက်လွှတ်ပဲစား လွှတ်ထားလို့ ဘယ်ဖြစ်မလဲ။ ကျွန်မက ဒီကြောင်ကလေးကို အသက်ထက်ချစ်တာ"

"ဟုတ်ပါတယ် ... မနေ့ညနေက ကျုပ်ကားအောက် ရောက်လာကတည်းက ခင်ဗျား ငယ်သံပါအောင်

mgyoe.com

mgyoe.com



လန့်အော်လို့ ခင်ဗျား ဘယ်လောက်ချစ်တယ်ဆိုတာ ကျုပ် နားလည်တယ်။ ရှေ့ဝါဆိုတဲ့အတိုင်း ဝါကြန့်ကြန့်နဲ့မို့ လှလည်းလှတယ်၊ နို့ ... အထီးလား၊ အမလား"

"အမလေးရှင့်"

"အေး ... အေး ... တခြားကြောင်မလာစေချင်ရင် မမွေးနဲ့။ အထီးရှိရင် အမလာမယ်။ အမရှိရင် အထီးလာမယ်။ ဒါ လောကထုံးစံပဲ"

ကိုမြဒင်သည် မျက်နှာပျက်၍ နေလေ၏။ မြင်မြင်မှာလည်း ကိုမြဒင်ဘက် အမှတ်မဲ့လှည့်ကြည့်မိ၏။ သူ့စကားအဓိပ္ပာယ်အနက်အကျယ်ကို နှစ်ယောက်လုံး အကွက်လည်အောင် နားလည်လေသည်။ သူသည် သွေးရိုးသားရိုးမဟုတ်၊ မိမိတို့နှစ်ယောက်အကြောင်း ကောင်းကောင်းသိသဖြင့် သာသာနှင့်နာနာ နက်နေသည်မှာ ကွင်းလယ်ခေါင် ဆင်ပြောင် အလံစိုက်သလို တိုက်ရိုက်ကြီးပေါ်နေ၏။ "ခင်ဗျား မတရားဘူး" ဆိုခြင်းမှာ ကိုယ်ချင်းစာပါဟု ဆိုလိုကြောင်း ရိပ်မိလာ၏။

'ကိုင်း ... ကျုပ်ပြောသလို ခင်ဗျားတို့နှစ်ယောက် မဟုတ်ဘူးလား' ဟု မေးသော် ငြင်းဆိုရန် ခဲယဉ်း၏။ 'သမီးရည်းစားလော' ဟု မေးသော် ဖြေဆိုရန်မခက်ပေ။ အမှန်ကား သူတို့နှစ်ယောက်မှာ သမီးရည်းစားလည်း မဟုတ်၊ အငွေ့နှင့်လည်းမလှုံ၊ အတွေ့နှင့်လည်းမကြုံခဲ့ကြ၊ 'တစ်ယောက်မျက်နှာ တစ်ယောက်မြင်လျှင် မတင်းတိမ်သေးတယ်၊ ထမင်းမြိန်ဆေးသဖွယ်' တေးသွားလို ဖြစ်နေ

mgyoe.com

mgyoe.com


ရာ တစ်နေ့သ၌ တစ်ဦးဦးက စတင်လိုက်သည်ဖြစ်စေ၊ လူကြီးဖြစ်သူက နေရာချလိုသည်ဖြစ်စေ၊ နှစ်ဦးနှစ်ဖက်လုံးအဖို့ ငြင်းဆိုရန်မရှိကြောင်း ယုံကြည်ထားကြ၏။ သို့သော် ထိုအချိန်ကာလကား .... မျှော်ကြည့်၍မမြင်သေး၊ တရွေ့ရွေ့လာနေသော အနာဂတ်ကာလသည် အဘယ်မျှကြာဦးမည်နည်းဟု မသိရချေ။

မျက်နှာချင်းဆိုင် မနေတော့သော မြင်မြင်နှင့်ကိုမြဒင်သည် ခြံကျယ်ကြီး၏ တစ်စိတ်တစ်ဒေသ အိမ်နောက်ဘက် ထွက်ခွာသွားကြ၏။ ယောကျ်ားပျိုသည်လည်း အရိပ်အခြည်နားမလည်သကဲ့သို့ ဝဲယာနှစ်ဖက်ကြည့်ရင်း မလှမ်းမကမ်းမှ လိုက်ပါလာ၏။

ထိုနေရာကား ဖီးကြမ်း၊ ရခိုင်၊ ကလား၊ ထောပတ်၊ ဆိတ်နို့၊ သီးမွေး၊ ရွှေငှက်ပျော စသည်ဖြင့် ငှက်ပျောပင်များများစွာစိုက်ပျိုးထားရာ အိမ်၏ အနောက်ဘက် တစ်ပိုင်းလုံးသည် ငှက်ပျောတောသဖွယ် ဖြစ်နေ၏။ တစ်ပင်နှင့်တစ်ပင်လည်း မကွာလှ။ တချို့နေရာ၌ နှစ်ပေမျှသာခြား၏။ ထိုငှက်ပျောတော၏ အလယ်၌ လူသွားလမ်းကျဉ်းကလေးဖောက်ထားရာ ထိုလမ်းကျဉ်းကလေးမှ နှစ်ယောက်ယှဉ်လျှောက်သွားကြပြီး နုတချို့ ရင့်တချို့နှင့် တချို့အပင်များတွင် ငှက်စားတစ်ပိုင်းပြတ် ထိန်ထိန်ဝါနေသော အခိုင်အတွဲများကို မော်ကြည့်နေကြ၏။ ယောကျ်ားပျိုသည် အနီးသို့ရောက်လာပြန်လျက် ...

"ငှက်ပျောပင်တွေ သိပ်များတယ်။ လက်ယားစရာ

mgyoe.com

mgyoe.com


ကြီး”ဟု ဆိုသည့်အတွက် ...

“စားချင် ခူးစားလေ။ လက်ယားလို့ဖြင့် မနေပါနဲ့၊ ပင်မှည့်တွေလည်း အများကြီးပဲ”ဟု မြင်မြင်က လှည့်မကြည့်ဘဲ တွန့်တိုရိုင်းစိုင်းရာကျမည်စိုးသည့်အတွက် ပြန်ပြောသည်ကို ...

“ဟင့်အင်း ... စားချင်ပါဘူး။ လက်ယားတာကိုသာ ပြောတာ”

“ဒါဖြင့် ကုတ်လိုက်”မြင်မြင်သည် ထုတ်ပြောခြင်းမဟုတ်။ စိတ်တွင်းမှ ဆိုမိခြင်း ဖြစ်၏။ ရှေ့သို့ဆက်လျှောက်ကြမည်ပြုစဉ် ...

“ဂျပန်ပြည်မှာတော့ အကြီးအကျယ်စိုက်ပြီး ငှက်ပျောလျှော်နဲ့ အထည်ရက်လုပ်ကြတယ်။ မြန်မာပြည်ကို တစ်နှစ်တစ်နှစ် တော်တော်ပို့တာပဲ။ ဒါပေမဲ့ ဂျပန်တွေဟာ မြန်မာတွေလောက် ဉာဏ်မကျယ်ဘူး”

ကိုမြဒင်သည် လှုပ်ရှားစပြု၏။ ဧည့်သည် ယောက်ျားပျို၏စကားများအနက် ဂျပန်ပြည်ဟုပါလာရာ ထိုစကားသည် ကိုမြဒင်၏စိတ်ကို ချိတ်ငင်ယူလိုက်သကဲ့သို့ ဖြစ်၏။ စိတ်တွင်းက မပါသော်လည်း ရွှေဖော်သောမျက်နှာနှင့် ...

“အေးဗျာ ... ဒေသန္တရဗဟုသုတဆိုတာ ကြားရခဲတာမျိုးပဲ။ ကျွန်တော်တို့တော့ ဂျပန်ပြည်အကြောင်း အနည်းအကျဉ်းကြားဖူးပါရဲ့။ သေသေချာချာ မသိဘူး။ နို့ ... ခုနကစကားကို မေးပါရစေဦး၊ ဂျပန်တွေဟာ မြန်မာတွေလောက် ဉာဏ်မကျယ်ဘူး ဆိုတာက ...”

mgyoe.com

mgyoe.com


"အစစ်ပေါ့ဗျ၊ ဂျပန်ပြည်မှာ အလျားလိုက်ကြိတ်၊ စက်ထဲထည့်၊ အမျှင်ထုတ် ချည်လုပ်၊ အထည်ရက်တယ်။ မြန်မာတွေကတော့ အပြင်ခွံခွာ၊ အတွင်းသားနုနုကို ဓားနဲ့ ကန့်လန့်စိတ်ပြီး"

"ဟုတ်ကဲ့ ... ဘာလုပ်ကြပါလိမ့်"

"မုန်ဟင်းခါး ချက်သောက်ပါရောဗျ"

မြင်မြင်ကား မျက်နှာတည်တည်ထားသော်လည်း မရ။ ကိုမြဒင်မှာမူ ပါးစပ်ဖြဲ၍ ဟဲလိုက်ကာ ...

"ဒါကတော့ ခင်ဗျား မြန်မာတွေကို ပုတ်ခတ်တာပဲဗျာ။ ရယ်စရာပြောလိုက်တာထင်ပါရဲ့ ဟုတ်စ။ တကယ်ဆိုရင် မြန်မာတွေဟာ မညံ့ပါဘူး။ အားပေးတဲ့သူ မရှိတော့ ..."

"ဟုတ်ပြီ... ခင်ဗျားလိုလူမျိုး နားလည်ရင်တော်ပြီ"

ထိုလူသည် ငှက်ပျောခိုင်များ မော့ကြည့်ရင်း ခပ်အေးအေးပြောသော်လည်း ကိုမြဒင်မှာမူ ပိသာလေးနှင့် ဘေးထုခံရသလို ဖြစ်သွား၏။ သို့သော် ငါးမျှားလိုက ငါးမျှားချိတ်နှင့် ဖြဲခြောက်၍မရ။ ခုံမင်ဖွယ် ငါးစာလို၏။ ထိုသဘောကို နားလည်သော ကိုမြဒင်သည် အနိုင်နိုင်အားယူပြုံးရပြန်လျက် ....

"ဒါထက် နေပါဦးမိတ်ဆွေ၊ ဂျပန်ပြည်မှာ ငှက်ပျောလျှော်လုပ်ငန်းအကြောင်းကို ပြောတာ မိတ်ဆွေမျက်မြင်လား"

"တစ်ဆင့်စကားဟာ ပျင်းစရာမကောင်းဘူးလား

mgyoe.com

mgyoe.com


ဗျာ"

"ဟုတ်ပြီ ... ဟုတ်ပြီ ... မိတ်ဆွေကိုမြင်တာနဲ့ ကျုပ် ယုံကြည်တယ်၊ ဂျပန်ပြည်အကြောင်း ကြားချင်နေတာ ကြာလှပေါ့ဗျာ။ တစ်ခုတော့ မေးဦးမယ်။ ဂျပန်ဟာ တရုတ်ကိုတိုက်နေတာ ငါးနှစ်ကျော်ခြောက်နှစ်လောက်ရှိပြီ၊ ခုထိ ထိထိရောက်ရောက် မဟုတ်သေးတာ ဂျပန်မှာ အင်အားသိပ်မတောင့်တင်းလို့များလား"

ငမ်းငမ်းတက်မျှော်လင့်သော ကိုမြဒင်၏ အရိပ်အယောင်သည် မျက်လုံး၌ အစုအခဲနှင့် တည်နေ၏။ ယောက်ျားပျိုကား ကိုမြဒင်အား မကြည့်ချေ။ ဆေးတံကို ပါးစပ်မှဖြုတ်ခါ ဆေးတံအိုးဝကို ကြည့်၏။ ဆေးပြာကိုခါချ၏။ ထိုမှတစ်ဖန် ဆေးတံအိုးကိုဆုပ်ကိုင်လျက် ဘာညာ မပြောတော့ဘဲ အရိုးဖျားမှ တံတွေးများကို လွှဲခါရင်း ဖြည်းညှင်းစွာ ကိုယ်လှည့်လျှောက်သွားတော့ရာ နှစ်ယောက်လုံး ဆန့်တင့်ငံ့ ကျန်ရစ်လေ၏။

"ကိုင်း ... ကိုမြဒင်၊ ကျွန်မ မပြောဘူးလား၊ ဒီလူဟာ အင်မတန် သွေးကြီးပါတယ်လို့"

"မဟုတ်မှလွဲရော၊ ဒီလူကို ကျုပ် မသင်္ကာချင်ဘူး"

"ဖေဖေရှိသေးတယ် ကိုမြဒင်"

"အနေသာကြီးပါ။ ခြေမ, မကောင်း ခြေမ၊ လက်မ, မကောင်းလက်မ၊ သူ့အခန်းထဲက ပစ္စည်းတွေကလည်း အရေးကြီးတယ်။ ဒီကိစ္စမှာ မြင်မြင် ကျုပ်ကို ကူညီရလိမ့်မယ်။ ကဲ... ကျုပ်လည်း သွားဦးမှ၊ ကားပေါ်ခတ်ဆီပုံးတွေ

mgyoe.com

mgyoe.com


တော်တော်များများ ယူခဲ့တယ်။ မြင်မြင်လည်ချင်ပတ်ချင် လည်း အလွယ်တကူရအောင် ဒီမှာပဲ ထားရစ်ခဲ့မယ်"

၀

mgyoe.com

mgyoe.com

# အခန်း ၆

ငါးရက်မျှ ကြာသွားလေသည်။ ညည့်သည် စရောက်သည့်နေ့ရက်ပါထည့်သွင်း ရေတွက်သော် ခြောက်ရက်မြောက်ဖြစ်၏။ ထိုနေ့ရက်၏ စပ်ကြား၌ မြင်မြင်ထံသို့ ကိုမြဒင် အမြဲရောက်၏။ သို့ရာတွင် မြင်မြင်သည်လည်းကောင်း၊ ကိုမြဒင်သည်လည်းကောင်း၊ ညည့်သည် ယောကျ်ားပျိုနှင့် တစ်ကြိမ်မျှ မျက်နှာချင်းမဆိုင်ခဲ့ရချေ။ ကိုမြဒင်သည် ညည့်သည်နှင့် အကြောင်းတစ်ခုကြောင့် စကားလက်ဆုံပြောရန် အခွင့်အရေးကို တောင့်တခဲ့၏။ မြင်မြင်လည်း ကိုမြဒင်ဆန္ဒအတိုင်း ငံ့မျှော်ခဲ့၏။

သို့သော် ညည့်သည်ကား အိမ်သည်ကို အဖက်မတန်သကဲ့သို့ အဆက်အဆံမပြုလှချေ။ သွေးကြီးသူတစ်ယောက်ဟု မြင်မြင်၏စွပ်စွဲချက်သည် တိုးတက်ခိုင်မာလာ၏။ အိမ်ရှင် ဦးဘိုးထင်နှင့်ပင် မေးပြောခေါ်ထူး သူ့စိတ်ကူးနှင့်သူ နေလေ့ရှိ၏။

တတိယမြောက်နေ့က တစ်ကြိမ် ရန်ကုန်မြို့တွင်း

mgyoe.com

mgyoe.com


သို့ သွားရောက် လည်ပတ်သည်ကို တွေ့ရပြီး ကြွင်းသော နေ့ရက်တို့၌ ခြံတွင်းနှင့် အိမ်ရှေ့ကတ္တရာလမ်းကျယ်ကြီး ပေါ် အညောင်းအညာပြေ လမ်းလျှောက်ခြင်းဖြင့် အချိန် ဖြုန်း၏။

ရန်ကုန်မြို့တွင်းသို့ သွားရောက်လည်ပတ်သော နေ့က သူ့အခန်းတံခါးကို စေ့သွားကာ ကျန်နေ့ရက်တို့၌ ဖွင့်မြဲဖွင့်ထားသည်ကိုလည်း မြင်မြင်မှတ်မိ၏။ ထူးဆန်း သည်ကား သူ့ပစ္စည်းများသည် လူအမြင် မခံချင်လောက် အောင် အရေးကြီးပါက အပြင်ဘက်မှမြင်အောင် 'မဝင်ရ' ဟု ရေးဆွဲထားသင့်၏။ ယခုကား ... "မြန်မြန်ထွက်ပါ။ နောက်တစ်ကြိမ်သည်းခံမဟုတ်" ဟူသော စာတန်းကို အတွင်းသို့ရောက်ပြီး ပြန်ထွက်မှတွေ့နိုင်သော မြင်ကွင်း တွင်ဖြစ်ရာ နောက်တစ်ကြိမ်တွင် သည်းမခံနိုင်။ ယခု တစ် ကြိမ်တစ်ခါ မှားယွင်း ဝင်ရောက်လိုက ဝင်ရောက်နိုင်သည် ဟု ဆိုထားရာရောက်၏။

မြင်မြင်သည် ထိုစပ်ကြား၌ ကိုမြဒင်၏ အားထား ချက်အရ ဧည့်သည်လစ်တိုင်း မည်သို့ပြုပြင်ပြောင်းလဲနေ မည်နည်းဟု ဝင်ရန် အကြိမ်ကြိမ်ကြိုးစားသေး၏။ သို့သော် ... သူ၏ သတိပေးထားသော အတွင်းဘက်မှ စာသည် အပြင်ဘက်က "မဝင်ရ" ဟု ရှေးရိုးရေးစဉ်ထက် ပို၍အဟာန့်ကောင်းနေ၏။ သို့အတွက် နောက်ဆုတ် ကြောက်ရွံ့ ကိုယ်ရှိန်တွန့်သည်က များနေလေသည်။

ထိုနေ့နံနက်ခင်းကား ကမ္ဘာမြေကြီးကို နှင်းငွေ့ထု

mgyoe.com

mgyoe.com

ထပ်စွာ ကာဆီးထား၏။ ဉေ့သည်သည် အခန်းတံခါးကို ထုံစံအတိုင်းစေ့ပြီး၊ မာဖလာပတ် မီးခိုးရောင် ဘလေဇာနှင့် နံ့သာရောင် ရှမ်းဘောင်းဘီကို ဝတ်ထွက်သွား၏။ ဘယ်ရောက်၍ ဘယ်ပျောက်နေသည်ဟု မသိရ။ နံနက်စောထမင်းလည်း ပြန်မစားချေ။ နေ့လယ် လက်ဖက်ရည်သောက်ချိန်တွင် ကိုမြဒင် ကားနှင့်ရောက်လာ၏။

ကိုမြဒင်သည် အပေါ်ထပ်သို့ တစ်ထစ်ကျော် တက်လာပြီးနောက် ဉေ့ခန်း ကုလားထိုင်တစ်လုံးကို ဆွဲယူပစ်ထိုင်လိုက်၏။ မြင်မြင်ကား အပေါ်မှမြင်လိုက်ပြီးဖြစ်၍ လက်ဖက်ရည်တစ်ခွက်နှင့် ထိုင်စောင့်ကြိုလင့်၏။

"ဘယ့်နှယ်လဲ ဆရာ ... မောကြီးပန်းကြီးနဲ့ပါလား"

"ဂျပန်က စစ်ကြေညာလိုက်ပြီ မြင်မြင်၊ ဦးလေးရော"

"ဟင် ... ဟုတ်လား" ဟု မြင်မြင်သည် အတော်ကြာ ငြိမ်သက်သွား၏။ "ဖေဖေ ခုနကပဲ အထဲဝင်သွားတယ်။ ဟိုလူတော့ မနက်ကတည်းက ထွက်သွားတာပဲ"

ထိုနေ့က ဒီဇင်ဘာလ ၈ ရက်တည်း၊ ဂျပန်တို့သည် ပစိဖိတ်အလယ်ပိုင်း အမေရိကန်တို့၏ တပ်စခန်းဖြစ်သော ဟာဝေယံကျွန်းကို စတင်တိုက်ခိုက်၏။ အစိုးရသားဖြစ်သော ကိုမြဒင်သည် သတင်းစောစွာရသဖြင့် အရေးတယူ လာရောက်ဖောက်သည်ချခြင်း ဖြစ်၏။

"ယိုးဒယားကို ဂျပန်တွေဝင်နေတာ ကြာလှပြီ။ စင်ကာပူနဲ့ မြန်မာပြည်ကို တစ်ပြိုင်တည်း တိုက်ကောင်း

mgyoe.com

mgyoe.com


တိုက်လိမ့်မယ်"

"ကျွန်မတို့ ပြေးရဦးမှာလား ကိုမြဒင် ... ဂျပန်ဟာ အင်္ဂလိပ် အမေရိကန်ကို ရန်မစဝံ့သေးလို့ဆိုတယ်။ ခုတော့..."

"မထင်ပါနဲ့ မြင်မြင်ရယ်၊ အင်္ဂလိပ်နဲ့ အမေရိကန်ကို နှယ်နှယ်ရရ မှတ်လို့"

"မဟုတ်ဘူး ... အရေးကြောင်းဖြစ်လာရင် အဖေ တစ်ယောက်၊ သမီးတစ်ယောက်သာရှိတယ်။ ဖေဖေ့ အသက်အရွယ်ကလည်း ..."

"ဒီမှာ ဘယ်သူလဲ မြင်မြင်၊ သေသေချာချာကြည့် စမ်း"

ကိုမြဒင်သည် သူ့မျက်နှာကို လက်ညှိုးဖြင့်ထောက်ပြ၏။ ဟိုတောင်တန်းကျတော့ မောင်ထမ်းမယ်၊ ဟိုတောင်ရိုးကျတော့ မောင်ပိုးမယ်ဟူသော ဇာတ်မင်းသား မျက်နှာမျိုးဖြစ်၏။

ထိုအခိုက် အပေါ်ထပ်သို့တက်လာသော ခြေသံပြင်းပြင်းကို ကြားရရာ နှစ်ယောက်လုံး ခေါင်းလည်သွားကြ၏။ တက်လာသူကား အခါတိုင်းကဲ့သို့မဟုတ်၊ ပိုမို၍ဖျတ်လတ်ပေါ့ပါးသော အမူအရာရှိ၏။ လေ့ကားဆုံးသည်နှင့်တစ်ပြိုင်နက် ဘလေဇာကို ဆွဲချွတ်လျှောက်လာရင်း စေ့ထားသောတံခါးကို တွန်းဖွင့်ပစ်သွင်းလိုက်၏။

"ဘာများ ပျာယာခတ်လာတယ် မသိဘူး၊ ထူးတယ် ကိုမြဒင်"

mgyoe.com

mgyoe.com


"မြင်မြင့်လူက ကြားခဲ့ပြီထင်တယ်"

"ဘာ မြင်မြင့်လူလဲ၊ ရှင် ဘာစကားပြောလိုက်တာလဲ"

မြင်မြင်သည် ဒေါသနှင့်မေး၏။ ကိုမြဒင်ကား အမှတ်မဲ့ပြောမိသော စကားကို ပြန်ရုပ်သိမ်းလျက် ...

"နာမည်မသိလို့ ပြောရတာပါ မြင်မြင်၊ ကျုပ် တောင်းပန်ပါတယ်။ မတော်တဆ မှားယွင်းလည်း သည်းခံမှပေါ့၊ ကျုပ် မြင်မြင်ကို ခုလို ထိခိုက်ပြောဖို့ နေနေသာသာ ဘယ်သူ့အကြည့်မှမခံနိုင်ဘူး။ ဟိုနေ့က မြင်မြင့်ကို စော်ကားတာတွေ့တော့ ကျုပ်အသားတွေ ဆတ်ဆတ်တုန်ခဲ့တယ်။ မြင်မြင်ကိုထိရင် ကျုပ် ဘယ်သူ့မှလူမထင်ဘူး..."

"ဒေါသမကြီးနဲ့ မိတ်ဆွေ၊ ခုအခါ မြန်မာချင်းရန်ဖြစ်နေဖို့ အချိန်မဟုတ်တော့ဘူး"

ကိုမြဒင်ရော မြင်မြင်ပါ ခေါင်းနားပန်းကြီးရင်း ရုတ်တရက်လှည့်ကြည့်မိကြ၏။ အစွမ်းအစပြရင်း လူပျိုစကားပြောနေသော ကိုမြဒင်သည် ကြောင်အမ်းအမ်း ဖြစ်သွားလျက်"ဟောဗျာ ... ဒီမှာ စကားအဖြစ်ပြောနေတာပါ"ဟု လျှော့ချလိုက်ရ၏။ ထွက်လာသူကား ကိုယ်ထည်းတည်း မဟုတ်၊ လက်တွင် ကတ္တီပါအိတ်ရှည်ကလေး ပါလာရာ ထိုအိတ်ပေါ်သို့ နှစ်ယောက်လုံး မျက်စိရောက်သွားကြ၏။

"ကျုပ် ထမင်းမစားရသေးဘူး ... ဒါပေမဲ့ အဆာ လွန်သွားပြီး လက်ဖက်ရည် တစ်ခွက်ရရင် တော်ပြီ"

သူသည် ကုလားထိုင်တစ်လုံးဆွဲထိုင်တော့ရာ မြင်

mgyoe.com

mgyoe.com


မြင်သည် အစေခံခေါ်၍ လက်ဖက်ရည်တစ်ခွက် လာပို့ ခိုင်းလေ၏။ ဦးဘိုးထင်ကား မနက်ထမင်းစားပြီး အပေါ် သို့ တက်ရာ နေ့လယ်လက်ဖက်ရည်ကိုလည်း အပေါ်တွင် ပင်သောက်သဖြင့် အစေခံကလေးသည် ညှော့သည်ပါ သုံး ယောက်လုံးအတွက် လက်ဖက်ရည်သုံးပန်းကန် ယူတင်စမြဲ ဖြစ်၏။ မြင်မြင်သည် ညှော့သည် ရောက်ချိန်မတန်သေး အထင်နှင့် ရောက်လာသော ကိုမြဒင်ကို ညှော့ခံလိုက်ခြင်း ဖြစ်၍ ခဏမျှကြာလျှင် ညှော့သည်သည် လက်ဖက်ရည် သောက် ပျောက်ကွယ်သွားတော့သည်။

မကြာမီ ပြန်ပြေးလာလျက် နံရံတွင် ချိတ်ထားသော ငှက်ကြီးတောင်ကို ဖြုတ်ယူဆွဲသွင်းကာ ငါးမိနစ်အတွင်း နေရာတကျပြန်ထားပျောက်ကွယ်သွားပြန်လေ၏။

“ဘယ်လိုဟာလဲ မြင်မြင် ...”

“ပြောတတ်ဘူးလေ၊ တစ်ယောက်တည်း ဘာရှုပ် နေတယ်မသိဘူး”

ထိုနောက် ကိုမြဒင်သည် ခြံတွင်းသို့ဆင်းသွားရာ မြင်မြင်လည်းအောက်သို့ လိုက်ပါသွား၏။ လှေကားမှ ဆင်းပြီး မော်တော်ကားရှိရာဘက်သို့ ကျောက်လမ်းက လေးမှ ယှဉ်လျှောက်သွားကြစဉ် မြင်မြင်သည် တစ်စုံတစ် ရာကို ရပ်ဆိုင်းကုန်းကောက်ပြီး ...

“ဟော ... ကိုမြဒင် တွေ့သလား၊ ကျွန်မပြောတာ ဒီအရုပ်ကလေးပဲ ကိုယ်ထည်တော့မပါဘူး။ ခေါင်းချည်း ပြုတ်ကျနေတယ်”

mgyoe.com

mgyoe.com


"ခုနက ငှက်ကြီးတောင်ဟာ ဒါခုတ်တာထင်ပါရဲ့၊ ဟုတ်လိမ့်မယ်၊ သူ့ပြတင်းနဲ့ တည့်နေတာပဲ"

နှစ်ယောက်လုံး အပေါ်ထပ်ပြတင်းကို မော်ကြည့်ကြပြီးနောက် ...

"ဒါ အရေးကြီးတယ် မြင်မြင်၊ ကျုပ်သိမ်းထားပါရစေ"

"သိမ်းချင်သိမ်းထားပါလား ... ကျုပ် ပစ်ချလိုက်တာပဲ"

အသံကြားရာသို့ မော်ကြည့်လိုက်ကြရာ ပြတင်းပေါက်မှ အထက်ပိုင်းပေါ်နေသော ဧည့်သည်ကို တွေ့ရ၏။ မပြုံးမရယ် တည်ကြည်သော မျက်နှာကြောင့် ကိုမြဒင်သည် လက်တွင်းမှ ခေါင်းပြတ်ကို ယောင်ယမ်းလွှင့်ပစ်မိပြီး ဟန်မပျက် လျှောက်နေကြပြန်လေသည်။

"နားပါးလိုက်တာလည်း လွန်လို့ပဲ၊ သူမိတာ နှစ်ခါရှိပြီ"

"ဆင်ခြင်ပြောပေါ့ ကိုမြဒင်"

"ခုနက အရုပ်ဟာ ခေါင်းချည်းဖြစ်နေတယ်။ သူမလိုချင်လို့ လွှင့်ပစ်ရင် တစ်ကိုယ်လုံး ပစ်ရမယ်"

"နို့ ... ရှင် ထမင်းစားပြီးမှ ပြန်မယ်မဟုတ်လား"

"ဟုတ်တယ် ... ဒါထက် သူကိုင်ထွက်လာတဲ့ ကတ္တတီပါအိတ်ဟာ ဘာရယ်လို့ မြင်မြင် မရိပ်မိဘူးလား။ သူ့အရောက်စောလာပေလို့ပဲ၊ နည်းနည်းများနောက်ကျရင် ကျုပ်ကိုယ်တိုင် ဝင်မွှေကြည့်မိမယ်၊ ခါတိုင်းနေ့တွေ ကျုပ်

mgyoe.com

mgyoe.com


လာတိုင်း သူမလစ်ဘူး၊ ခဏတစ်ဖြုတ် လစ်ရင်လည်း မြင့်မြင့်ဖခင်ကြီးကို လန့်နေရတယ်"

"ကျွန်မလည်း ဘာရယ်လို့မပြောတတ်ဘူး။ ကတ္တီပါအိတ်ပေါ်မှာ မျိုးမြင့်ရန်နောင်ဆိုတာသာ တွေ့တာပဲ၊ ဖေဖေ့ကိုပြတဲ့ ကြေးပုရပိုက်ကိုလည်း ဟိုနေ့က ကျွန်မ အမှတ်မဲ့ ကြည့်သေးတယ်၊ မတွေ့ဘူး"

သူတို့နှစ်ဦးကား တိုးတိုးဖော် တိုင်ပင်ရင်းဖြင့် အချိန်ဖြုန်းပစ်ကြ၏။ ညနေ ၅ နာရီသို့တိုင်အောင် ယောက်ျားပျို သည် အောက်သို့ဆင်းလာသည်ကို မတွေ့ရချေ။ ခပ်လှမ်းလှမ်းမှ မျှော်ကြည့်မိသောအခါတွင် တစ်ခါတစ်ရံ ဖြတ်သန်းသွားလာနေသော ယောက်ျားပျိုကို ပြတင်းပေါက်မှ မြင်ရ၏။ မြင့်မြင့်သည်လည်းကောင်း၊ ကိုမြဒင်သည်လည်းကောင်း ထိုလူ၏ အကြောင်းရာစုံလင်ကို ကုန်စင်အောင် သိရန် ဖခင်ဦးဘိုးထင်အား မေးလိုက်ချင်လေသည်။ သို့သော် 'ငါ့ကို သူနဲ့ပတ်သက်ပြီး ဘာမှထပ်မမေးနဲ့'ဟု လုံးဝပိတ်ပင်ထားချက်ကြောင့် ဤမျှ လူ့ရောစိတ်ပါ ပင်ပန်းနေကြရ၏။

သို့ဖြင့် နေလုံးကွယ်ပျောက် ၆ နာရီကျော် ၇ နာရီခန့်သို့ရောက်ခဲ့ကာ မည်းမှောင်သောအိမ်၏အတွင်းပိုင်းသည် ဓာတ်မီးရောင်များဖြင့် ထိန်ထိန်လင်းလာ၏။ အောက်ထပ် ထမင်းစားခန်း၌ကား ဦးဘိုးထင်၊ မြင့်မြင့်နှင့် ကိုမြဒင်ရော ညှိသည်ပါ မျက်နှာချင်းဆိုင် ထိုင်မိကြသော်လည်း ဦးဘိုးထင်မှာ စကားနည်းသည့်ပြင် ညှိသည်မှာလည်း

mgyoe.com

mgyoe.com


တစ်လုံးတစ်ပါဒမျှမဟာဘဲ ခပ်သုတ်သုတ်စားသောက်ပြီး အိမ်ပေါ်သို့ ပြန်တက်သွားသဖြင့် ထိုထမင်းပွဲသည် ရည်ရွယ်ချက်မမြောက်ခဲ့ချေ။

တစ်ဖန် ဦးဘိုးထင်၊ မြင့်မြင့်နှင့် ကိုမြဒင်တို့သည် ရေဒီယိုအနီး အသီးသီး စုထိုင်မိကြပြန်၏။ ဈေးနှုန်းသတင်း၊ ဝါဒဖြန့်ဖြူးရေး၊ ဥရောပစစ်အခြေအနေများသည် ကြားရဖန်များသဖြင့် ရိုးနေကြ၏။ မကြာမီ ကမ္ဘာ့အရှေ့ဘက် စစ်သတင်းပါလာရာ'ဂျပန်သည် သစ္စာမဲ့စွာ အလစ်တွင်တိုက်လေခြင်း'စသည်ဖြင့် အင်္ဂလိပ်၊ အမေရိကန်တို့၏ အပြစ်တင်သံများ ဆူဝေ၍လာ၏။ ထိုဆူဝေသောအကြားမှ စားပွဲထု၍ ပြောလိုက်သော အသံတစ်သံလည်း ဗြုန်းခနဲ ထွက်ပေါ်လာ၏။

"ဘယ်ကောင်းမလဲ ဦးလေးရဲ့။ ဒါ စစ်ထုံးစံမှ မဟုတ်ဘဲ။ အကယ်၍ တစ်ကမ္ဘာလုံးသိမ်းပိုက်သွားဦး နောင် ဥဒါန်းတွင်ဦးမတဲ့လား" ကိုမြဒင်သည် ကိုမြဒင်မှ ဟုတ်ပါလေစ၊ သူကိုယ်တိုင် အင်္ဂလိပ်၊ အမေရိကန်သံ ပေါက်နေ၏။

"စစ်မကြေညာဘူးတော့ မဟုတ်ပါဘူးထင်ပါရဲ့ မောင်မြဒင်၊ ဆိုင်းတီးတာနဲ့ လက်ရော ခေါင်းရော ဒူးပါ ပစ်ဝင်တဲ့ လက်မြန်ခြေမြန် လက်ဖှေ့သမားလိုများလား..."

"ထားပါဦး ဦးလေးရာ ... တစ်ဖက်က ရန်သူအတွက်လည်း အချိန်ပေးဦးမှပေါ့"

ထိုအခိုက် ယောက်ျားပျို့သည် အခန်းတွင်းမှထွက်

mgyoe.com

mgyoe.com

ပြီး ကိုမြဒင်နှင့် မနီးမဝေးတွင် ကုလားထိုင်တစ်လုံး ဆွဲထိုင်ရောနှောလာ၏။ ကိုမြဒင်နှင့် ယောက်ျားပျိုကား စားပွဲငယ်တစ်လုံးသာ ခြားလေသည်။

"မိတ်ဆွေ ဘာများပြောနေသလဲ ..."

"ဩော် ...တခြားမဟုတ်ပါဘူး၊ ဂျပန်စစ်တိုက်ပုံဟာ သူ့ဆိုင်းသူတီးပြီး ဗြုန်းခနဲထထောင်းတဲ့ လက်ဝှေ့သမားလို ဖြစ်နေလို့"

"အင်း ... အင်း ... ပြောစရာပဲ၊ နို့ ... လွန်ခဲ့တဲ့ အနှစ် ၄၀ လောက်မှာ ကမ္ဘာ့အရှေ့ဘက် အရုပ်ဆိုးတဲ့ အဖြစ်အပျက်တစ်ခုကို ခင်ဗျား ဘာသိသလဲ"

"မပြောတတ်ဘူး ... ဆိုစမ်းပါဦး"

"အင်္ဂလိပ်သက္ကရာဇ် ၁၈၉၈ ခုနှစ် အင်း ... ၄၄ နှစ်ကျော်လာပြီ၊ ဒီတုန်းက အမေရိကန်သမ္မတ သီရိုဒေါ်ရုစဘဲ့ဟာ ရေတပ်အတွင်းဝန်ကလေး ဖြစ်ခဲ့ဖူးတယ်။ ရေတပ်ဗိုလ်ချုပ်ကတော့ ဂျော့ဒီပီးပေါ့၊ သူတို့ဟာ ဖိလစ်ပိုင်ကျွန်းမနီလာမြို့ကို ရုတ်တရက် တိုက်ခိုက်ခဲ့ဖူးတယ်။ ဂျပန်ပြည်မှတ်တမ်းမှာ မေ့ကျန်ရစ်ခဲ့မယ်များ အောက်မေ့နေသလား"

ထိုစကားမှန်လေသည်။ မှန်လွန်းသဖြင့် သွေးပင်ထွက်နေ၏။ ထိုသွေးကား အပြင်သို့ ယိုစီး၍မကျ၊ ကိုမြဒင်မျက်နှာတွင် ဆူဝေ၍နေ၏။ ဦးဘိုးထင်ရော မြင်မြင်ပါမည်သို့ပြန်လှန်ချေပပါမည်လဲဟု ဦးခေါင်းလည်သွားကြသော်လည်း ကိုမြဒင်သည် ထိုစကားနှင့်ပတ်သက်၍ တစ်ခွန်း တစ်ပါဒမျှ ထွက်မလာတော့ချေ။ ဦးဘိုးထင်သည်
mgyoe.com

mgyoe.com

ဘုရားကြည်ညိုဝတ်ပြုမြဲအချိန် ကျရောက်နေ၍တစ်ကြောင်း၊ သူတို့နှစ်ဦး ချိန်ထိုး၍ မဖြစ်နိုင်သည်ကို နားလည်၍တစ်ကြောင်း အနီးမှထထွက်သွားတော့ရာ သူတို့သုံးယောက်သာ ဖိုခုံလောက်ဆိုင် ကျန်ရစ်ခဲ့ကြလေသည်။

၀

mgyoe.com

mgyoe.com

# အခန်း ၇

အခါအခွင့်ကို စောင့်စားနေသော ကိုမြဒင်နှင့် မြင်မြင်သည် ယောက်ျားပျိုလာရောက် ရောနှောနေခြင်းကို များစွာကျေနပ်၏။ သို့သော် သူသည် သာမညလူတစ်ယောက်ဟုတ် ဟန်မတူ။ ချော့မြူမြှောက်စား၍ ညစ်ထုတ်ရယူရန် လွယ်ကူမည်မဟုတ်ကြောင်းကိုလည်း နားလည်ကြ၏။ သို့အတွက် သူ့စကားအကျကိုသာ စောင့်ဆိုင်းနေကြသော်လည်း စကားတစ်လုံးမျှ ထွက်မလာဘဲ ထိုလူသည် ကုလားထိုင်ကို နောက်သို့ဆွဲပြီး ထရပ်သဖြင့် ...

"နေပါဦး ... အခွင့်အခါကြုံလာမှ စကားလက်ဆုံပြောကြရအောင်၊ အစောကြီး ရှိသေးတာပဲဗျာ" ဟု ကိုမြဒင်က ဆိုသည့်အတွက် ယောက်ျားပျိုသည် ပြန်ထိုင်လိုက်ရင်း...

"ပြောလေ ... ပြောတာပေါ့၊ ကျုပ်မှာတော့ စကားကုန်ပြီ၊ ခင်ဗျားပြောတဲ့ စကားကို ဦးလေးက တစ်ဖက်သတ်

mgyoe.com

mgyoe.com


အထင်မှား နင်းဝင်သွားမှာစိုးလို့ ကျုပ်ထွက်လာရတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ ... ကျုပ်မသိလို့ပါ၊ ဒါထက် ခင်ဗျားဟာ အမြော်အမြင်ကြီးမယ့် ပုဂ္ဂိုလ်တစ်ယောက်ပဲဆိုတာ ယုံကြည်လို့ မေးပါရစေ။ စစ်ကြီးဟာ ကမ္ဘာ့အရှေ့ဘက်တော့ ရောက်လာပြီ၊ ကျုပ်တို့ မြန်မာပြည် အေးအေးချမ်းချမ်းရှိပါ့မလား"

"အရှေ့ဘက်အရေးဟာ မြန်မာ့အရေးမဟုတ်ဘူး လားမိတ်ဆွေ"

"တစ်ခုပြောဦးမယ်၊ အခုလို အင်္ဂလိပ်မှာ သေရေးရှင်ရေးတမျှအရေးကြီးနေတာ ခင်ဗျား သိမှာပေါ့၊ အင်္ဂလိပ်နဲ့ပူးပေါင်းလာတာ နှစ်ပေါင်းလည်းအတော်ကြာလို့ ကျုပ်တို့ မြန်မာတွေအဖို့ဆိုရင် မိဘသဖွယ်ဖြစ်မနေဘူးလား။ ခုလိုအခါမှာ မြန်မာတွေအများကြီး စစ်ကူဖို့ကောင်းတယ်၊ ခုတော့ မြန်မာတွေဟာ ဂျပန်ကိုအားကိုးပြီး ပထွေးအသစ်ရှာချင်နေကြပါကလားဗျ"

"ဟုတ်တယ် ... ဂျပန်ဟာ ပထွေးလား၊ မိတ်ဆွေလားဆိုတာ ခင်ဗျား ဘာသိဦးမလဲ၊ ပထွေးထားပါတော့၊ လက်ရှိ ပထွေးကလည်း အမေကိုသာလိုချင်တယ်၊ မယားပါသားတွေကိုတော့ ခွေးစားခွက်နဲ့ ကျွေးချင်နေတာကိုး"

"ဘယ်လို ဆိုချင်သတုံးဗျ"

"ခင်ဗျားက စစ်ကို ဘယ်လိုကူစေချင်သလဲ"

"စစ်သားတွေ စုဆောင်း၊ စစ်သားကောင်းကောင်းနဲ့ ကူဖို့ပေါ့"

mgyoe.com

mgyoe.com


"နို့...မကူဘူးလို့ ပြောသလား၊ အခု ထောင်ထဲ ရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေကို ဘာအတွက်လို့ထင်သလဲ၊ ခင်ဗျား ဉာဏ်မီသလောက်...."

"ကျုပ်သိပါတယ်၊ မြန်မာတွေ စစ်မကူဘူးမဟုတ်၊ ကူမယ်၊ လွတ်လပ်ရေးစကားကို အရင်ပြောပါဆိုတဲ့အတွက် ပေါ့"

"ကိုင်း ... ဘယ်လောက်ရှင်းသလဲ၊ ငါ့ဒုက္ခကို မင်းတို့ကူပါ။ ဒါပေမဲ့ မင်းတို့ကိုချည်ထားတဲ့ ငါ့နှောင်ကြိုးကိုတော့ မဖြေပါရစေနဲ့ဆိုတဲ့ပထွေး၊ ထွီ ... ရွံစရာကောင်းတယ်"

ထိုလူသည် ထိုင်ရာမှ ဝေါက်ခနဲ ထရပ်ထွက်သွားမည်ပြု၏။ ကိုမြဒင်သည် လျှင်မြန်သောအသံနှင့် ...

"သည်းခံပါ မိတ်ဆွေ ... ထိုင်ပါဦး၊ ကျုပ်တို့ မြန်မာပြည်ကြီးဟာ ရေးကနဲ့ နှိုင်းစာရင် ဘယ်လောက်ကြီးကျယ်လာသလဲ ... ဒါတွေဟာ ဘယ်သူအုပ်ချုပ်နေလို့လဲ၊ ပြီးတော့ တစ်နေရာနဲ့ တစ်နေရာအလွယ်တကူသွားလာဖို့ရန် အမျိုးမျိုးထူထောင်ပေးတယ်၊ တစ်ရပ် တစ်နိုင်ငံ သွားလာဖို့ ပင်လယ်ကူး သင်္ဘောကြီးတွေ တည်ထောင်ပေးတယ်၊ ဒါကြောင့် ဘယ်ဟာဖြစ်ဖြစ် ကျုပ်တို့ပြည်မှာ လိုလေသေးမရှိ၊ အဖိုးနည်းဝန်ပါ လွယ်လွယ်ကူကူ ရနေ၊ ဝတ်နေ၊ စားနေကြရတယ် မဟုတ်လား၊ ဒါတွေ ကျေးဇူးကန်းဖို့ မကောင်းဘူး"

ထိုလူသည် နေရာ၌ ပြန်ထိုင်ပြန်၏။

mgyoe.com

mgyoe.com


"ဩော် ... ဒါတွေကို ကျေးဇူးတင်သလား မိတ်ဆွေ၊ ကဲ .... ရှိစေတော့၊ ခုနက သူတို့အုပ်ချုပ်လို့ မြန်မာပြည်ကြီး တိုးတက်ကြီးကျယ်လာတယ်လို့ ခင်ဗျား ပြောတယ်၊ မြန်မာ့လက်ရှိ မြန်မာ့ကိုယ်ပိုင်ထဲက ဘာတစ်ခု ရှိသလဲ မိတ်ဆွေ"

ကိုမြဒင်သည် အဖြေမပေးချေ။ အတော်ကြာ စဉ်းစားနေ၏။ မြင့်မြင့်က ဖောက်၍ "ဟုတ်ကဲ့ ... ဆိုစမ်းပါဦး" ဟု ပြောမှ ...

"ကျုပ်တို့ မြန်မာပြည်က သူတို့အုပ်ချုပ်မှ ဆုတ်ယုတ်လာတာ ကျုပ်ပြောမယ်။ ကျုပ်တို့ဘုရင် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက်က မြန်မာပိုင် သံကိရိယာ စက်ရုံတွေ တည်ဆောက်တယ်၊ သေနတ် အမြောက် လက်နက်ရုံ၊ သင်္ဘောလုပ်စက်ရုံ၊ သစ်သီးစက်၊ ဆန်စက်၊ ရက်ကန်းစက်၊ ကတ္တီပါကော်ဇောရက်စက်၊ စာပုံနှိပ်စက်၊ စားလုံးသွင်းစက်၊ ဒင်္ဂါးရိုက်စက်တွေ ရှိတယ်။ လျှပ်စစ် အတတ်ကိုလည်း သင်ကြားတတ်မြောက်ခဲ့ပြီး နန်းတော်မှာ ဓာတ်မီးထွန်း၊ ရေမြှုပ်ဗုံးများကိုတောင် လျှပ်စစ်ဓာတ်နဲ့ လုပ်နိုင်ခဲ့တယ်။ မရှင်းဂန်းလည်း လုပ်ခဲ့ တယ်။ ပြီးတော့ ပြင်သစ်ဘာသာ (ကင်မယ်ဆရီ) ကျမ်းကိုလည်း မြန်မာလို ပြန်ဆိုလေ့လာခဲ့ကြတယ်"

"ဟုတ်ကဲ့ ... ပြောရဦးမယ်၊ မြနန်းယာဉ်သာ၊ စကြာ ရန်လွင့်၊ စကြာရန်လင်း ဆိုတဲ့ ကျွန်းသားသင်္ဘောတွေလည်း တည်လုပ်ခဲ့တယ်။ သံထည်နဲ့ဆိုရင် တုလွတ်

mgyoe.com

mgyoe.com


ယာဉ်သာ၊ တုလွတ်ယာဉ်ကျော်၊ တုလွတ်ယာဉ်ပျံ၊ ရတနာ ယာဉ်ကျော်တို့ လုပ်ကိုင်မှည့်ခေါ်တယ်၊ မြနန်းစကြာ၊ ဒေါင်းယာဉ်ပျံ၊ စကြာယာဉ်မွန်၊ ရတနာယာဉ်သာ ဆိုတာ တွေတော့ ဝယ်သုံးခဲ့တယ်။ ပင်လယ်ကူးသင်္ဘောရော မရှိဘူးလို့ ခင်ဗျား အောက်မေ့နေသလား"

"ဟုတ်ကဲ့ ... ရှိကောင်းရှိလိမ့်မယ်"

"စကြာယာဉ်ပျံတဲ့ဗျာ၊ ကင်းဝန်မင်းကြီး ဦးရောပကို လှည့်တုန်းက စီးခဲ့တယ်။ အခု မြန်မာပိုင်တဲ့ သင်္ဘောရှိ သလား"

လူကောင်ကား ထွားချေ၏။ အသက်မကြီးလှသေး။ သို့သော် ဗဟုသုတမယ်ကြောင်း သိသော ကိုမြဒင်နှင့် မြင်မြင်သည် ပါးစပ်ဟ ငေးမောနေတော့လေသည်။ ထိုသူသည် ပြုံးပြုံးကြီးကြည့်နေရာမှ ...

"မိတ်ဆွေကြီး အထင်မလွဲနဲ့၊ ခင်ဗျားပြောတဲ့ ကြီးကျယ်ပုံကတစ်မျိုး၊ ဟိုတုန်းက ကြီးကျယ်တာက တစ်မျိုး၊ အခုကြီးကျယ်တာ မြန်မာအဖို့မဟုတ်ဘူး၊ မြန် မာတွေ အနားမကပ်ရလို့ ဘာတစ်ခုမှ မစွမ်းဆောင်နိုင်ဘူး၊ ဟိုတုန်းက ကြေးဘုရားဆင်းတု ကြေးရုပ်တွေ လုပ်ရာမှာ အလွန်စေ့စပ် လက်မြောက်ခဲ့တယ်။ နန္ဒာစေတီတော်၊ သဗ္ဗညုစေတီတော်၊ စူဠာမဏိ၊ ဓမ္မရံသိ၊ ကန်တော့ပလ္လင် စတဲ့ စေတီတော်ကြီးတွေ ရှေးအနှစ်တစ်ထောင်လောက်က ယခုတိုင် ရှိသေးတယ်။ ရှေးက ဗိသုကာအင်ဂျင်နီယာတွေ ကို ခု လူတွေ မမီဘူး ..."

mgyoe.com

mgyoe.com



"အေးဗျာ ... ဒီလို ဗဟုသုတတွေကြားရလို့ ဝမ်းသာပါတယ်။ တစ်ခု မေးပါရစေဦး၊ အခုဖြစ်တဲ့စစ်မှာ ခင်ဗျားထင်မြင်ချက် ဘယ်လိုလဲ၊ ခင်ဗျားဝါဒက ဘာလဲ"

"ကျုပ်ဝါဒလား၊ အနောက်နိုင်ငံသားတွေဟာ အနောက်နိုင်ငံ စိတ်မကုန်ရင် ကျုပ်တို့ အရှေ့နိုင်ငံသားတွေဟာ အရှေ့နိုင်ငံစိတ်နဲ့ စည်းရုံးဖို့ပဲ၊ နောက်ဆုံးပြောကြစို့ ဆိုရင် ကမ္ဘာကြီး ဘာဖြစ်နေဖြစ်နေ၊ မြန်မာပြည် မြန်မာပြန်ရဖို့ဟာ ကျုပ်ဝါဒပဲ"

"စဉ်းစားပြောပါ မိတ်ဆွေ၊ ဒီစကား ဖြစ်နိုင်ပါ့မလား"

"ခင်ဗျား စောင့်ကြည့်လေ ... မကြာတော့ပါဘူး"

"ဘယ်လို ပြန်ယူမှာတုံးဗျ"

"နေပါဦး ... ခင်ဗျား အစိုးရသားလား၊ အစိုးရသားဖြင့် ကျုပ် ခပ်ကွယ်ကွယ် ပြောရလိမ့်မယ်"

"ဟုတ်ကဲ့ ... ပြောပါ"

"မြန်မာပြည်ကို အင်္ဂလိပ်လက်ထဲက သွေးနဲ့ ပြန်ယူမယ်"

ခပ်ကွယ်ကွယ်ဖြေ၍ တော်တော့သည်၊ မကွယ်မဝှက် ဒက်ကနဲပြောချလိုက်လျှင် အဘယ်သို့နေမည်မသိ။ မြင်မြင်ကား တစ်ချက်မိပြီအနေနှင့် မျက်လုံးဒေါင့်ကပ်ကာ ကိုမြဒင်အား မသိမသာ ကြည့်လိုက်၏။ ကိုမြဒင်မှာ ဣန္ဒြေမပျက်လှဘဲ ...

"မြန်မာဆီ လက်နက်များရှိလို့လားဗျ"

mgyoe.com

mgyoe.com


"ကျုပ် နားလည်ပြီ၊ ခင်ဗျား ကျုပ်ကို အရေးယူတော့မလား၊ သိပ်အမေးအမြန်း ထူးတာပဲ ..."

"ဟာ ... ခင်ဗျား အထင်မလွဲနဲ့၊ ခင်ဗျားကို အရေးယူမယ်ထားဦး၊ မြင်မြင်တို့ မျက်နှာ၊ ဦးလေးတို့မျက်နှာ ရှိသေးတယ်"

"ကောင်းပြီ ... ခင်ဗျား ယောက်ျားလိုပြောပြီး ယောက်ျားလိုနေရမယ်၊ မြန်မာ့လက်နက် ခင်ဗျားကို ပြမယ်"

ယောက်ျားပျိုသည် ထိုင်ရာမှထလျက် အခန်းတွင်းသို့ လျင်မြန်စွာ ဝင်သွား၏။ မကြာမီပြန်ထွက်လာရာ လက်တွင် ကတ္တီပါအိတ်ရှည်ပါလာ၏။ မူလ ကုလားထိုင်တွင် ပြန်မထိုင်ဘဲ ယောက်ျားပျိုသည် စားပွဲပေါ်တင်ပါးလွှဲထိုင်လိုက်၏။

မြင်မြင်နှင့် ကိုမြဒင်သည် အသက်ပင် မှန်မှန်မရှူနိုင်။ လက်တွင်းမှ ကတ္တီပါအိတ်ကိုပင် မျက်တောင်မခတ်ငေးစိုက်နေကြ၏။ ယောက်ျားပျိုသည် အဖျားတစ်ဖက်မှ ဖုံးအုပ်ချုပ်နှောင်ထားသော ရွှေရောင်ချိတ်ကလေးကို ဦးစွာဖြုတ်လိုက်ပြီးနောက် အတွင်းမှ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်ရာ အရှည်သုံးပေသာသာမျှသာရှိသော မြန်မာ့ရှေးသုံးဓားတစ်လက်ကို တွေ့ရလေသည်။

သို့သော် ဓားသွားကို မမြင်ရချေ။ လက်သန်းခန့်အဝါသွေးကြိုးလုံးနှင့် ကျကျနန နှစ်ဖက်နှစ်ချက်ကို ထိန်းထားသော ဓားအိမ်ကိုသာ တွေ့ရ၏။ ဓားအိမ်က သာမည

mgyoe.com

mgyoe.com


သစ်သားအိမ်မဟုတ်၊ ကျောက်အပြည့်စီထားသော ဓား အိမ်ဖြစ်ရာ လျှပ်စစ်ဓာတ်မီးပွင့်၏။ အရောင်ကြောင့် နီရွှေဝါ ကြောင် တပြောင်ပြောင်လျှပ်နေ၏။ ပြတင်းမှ တိုးဝင်သော လေကြောင့် ကြိုးအဆုံးနှစ်ဖက်တွင် တန်းလန်းဖြစ်နေသော ပန်းပွားအစိမ်းပုပ်ကလေးနှစ်ခုသည် ဒန်းလွဲ ပျော်ပါးကစား နေသကဲ့သို့ ရှိ၏။ ယောက်ျားပျိုသည် စားပွဲမျက်နှာပြင် သို့ ဓားအိမ်ဦးကို ထောက်ပြီးနောက် ဓားရိုးအဖျားကို လက်ဝါးတစ်ဖက်နှင့် လှမ်းအုပ်ထားရင်း ...

"ဒီဟာ မြန်မာ့လက်နက်ပဲ" ဟု ပြုံးရွှင်သောမျက်နှာ ဖြင့် ပြသ၏။ မြင်မြင်နှင့် ကိုမြဒင်သည် မြန်မာပီသ၍ ရှေးအသုံးအဆောင်လက်သုံးတော်ဆန်လှသော ဓားအိမ်ကို သာ အတန်ကြာ ကြည့်နေမိကြလေသည်။

ထို့နောက် ယောက်ျားပျိုသည် ဓားကို မြင်မြင်ရှေ့ တွင် ချလိုက်ပြန်လျက် လက်တစ်ဖက်မှ ဆုပ်ကိုင်ထား သော ကတ္တီပါအိတ်ရှည်ကို ကိုမြဒင်ရှေ့ပစ်ပေးပြီး ...

"ကြည့်စမ်းပါ... ခုနက ကျုပ်ပြောတဲ့ မင်းတုန်းမင်း လက်ထက်က ကတ္တီပါ ကော်ဇောရက်စက်ရုံမှာ ကျုပ်ရဲ့ (ဘီတော်ကြီး) တပ်ရေးအရာရှိ ဘိုးရန်အောင် မှာရက်ချုပ် ထားတာ ဒီ (မျိုးမြင့်ရန်နောင်) ဆိုတာက ကျုပ်ကိုယ်တိုင် ထိုးတယ်"

ကိုမြဒင်သည် သူပြောစကားကို ရေရေရာရာ နားမလည်လိုက်၊ သိပ်သည်း ချောမွေ့သော အဝတ်သားကို သာ စိတ်ဝင်စားစွာ ကြည့်နေ၏။

mgyoe.com

mgyoe.com


"အတော်ကောင်းတဲ့ အဝတ်ပါပဲ၊ ကျုပ် တစ်ခါမှ မတွေ့ဖူးဘူး"

ကိုင်ကြည့်၊ ခြေကြည့်၊ လုံးကြည့်၊ ဘယ်လိုခြေခြေ မကြေဘူး" ပြောပြောဆိုဆို ယောက်ျားပျိုသည် ကိုမြဒင် လက်မှ ဆွဲယူလုံးထွေးပြီးနောက်ပြန်ပစ်ပေးလိုက်ပြန်လေ၏။ သူ၏မျက်နှာသည် သူ၏ပစ္စည်းအပေါ်တွင် များစွာ ဂုဏ်လုပ်အသားယူနေဟန် ရှိသည်။

မြင်မြင်ကား သူတို့ဘာပြော၍ ဘာဆိုနေကြသည် ဟု မသိ။ မိမိစိတ်ဝင်စားသည်က တခြားဖြစ်ရာ မိမိရှေ့ ကန့်လန့်ဖြတ်ရောက်နေသော ကျောက်စီဓားအိမ်ကိုသာ စူးစိုက်နေမိ၏။ ယိုးဒယားပန်းခက်ပမာ အကွက်ကျစွာမြှုပ် နှံထားသော ကျောက်ပန်းခက် လက်ရာများကိုကားမချီး မွမ်းဘဲ မနေနိုင်ချေ။ ထိုနောက် ဓားရိုးပေါ် မျက်လုံးရောက် သွားပြန်၏။

အရိုးကား ဆင်ဆွယ်ဖြစ်ပြီးလျှင် အဖျားနှစ်ဖက်ကို လက်ကောက်ဝတ်ဆင်ထားသကဲ့သို့ လုံးသေးကျောက်နီ များ ရစ်မြှုပ်ထား၏။ လက်ညှိုးဖျားကလေးဖြင့် အသာ ထောက်စမ်းပြီးနောက် ဓားအိမ်အလယ်ကို လက်ဝဲလက် ဖြင့် ဆွဲယူကာ လက်ယာလက်ဖြင့် ဓားရိုးကို ဆုပ်ကိုင်ပြီး အသာဆွဲထုတ်၏။

ရှေးဦးစွာ လက်တစ်လုံးခန့်ပေါ်လာရာ အပေါ်မှ မီးပွင့်နှင့် ပဏာရသွားသောကြောင့် မျက်လုံးတွင် လျှပ်ခနဲ ဟပ်သွား၏။ မကြာမီအတွင်းသားသည် လက်နှစ်လုံးခန့်

mgyoe.com

mgyoe.com


ပေါ်လာ၏။ ထို့နောက် လက်သုံးလုံးခန့်ပေါ်လာပြန်၏။ လက်တစ်ဝါးမြုပ်ခန့်ပေါ်လာသောအခါ၌ကား 'ယိမ်းနွဲ့ပါး' ဟူသော စာလုံးများထွက်လာရာ မြင်မြင်သည် ထိုစာလုံးများကို အတန်ကြာအောင် စူးစိုက်နေမိလေသည်။

တဖိတ်ဖိတ်တောက်ပနေသော တားမှ ရောင်ပြန်သည် မြင်မြင့်မျက်နှာအား ဆလိုက်ထိုးနေသည်နှင့် မခြားပေ။ ယိမ်းနွဲ့ပါးစာလုံးကို တွေ့ရသောအခါ ဂငယ်သုံးခု ဥသျှစ်ထုပဟူသော ရာဇဝင်စကားအရ ၈၈၈–ခု မြန်မာပြည်ကို သိုဟန်ဘွား ကြီးစိုးခဲ့သည့်ခေတ်ကို သတိရစေလေသည်။ ထိုသို့ သတိရသည်မှတစ်ပါး တခြား ဘာမျှ မစဉ်းစားမိချေ။ မြင်မြင်သည် လက်တစ်ဝါးခန့်ပေါ်လာသောတားကို အားမရ။ အစအဆုံး ထုတ်ကြည့်အံ့ဟု အားစိုက်ဆွဲထုတ်ရန် ဟန်ပြင်လိုက်သည်နှင့် တစ်ပြိုင်နက် ...

တစ်စုံတစ်ယောက်၏ လက်တစ်ဖက်သည် သူ့လက်ဖမိုးပေါ် ဖြုန်းခနဲရောက်လာ၏။ ရောက်ရုံသာမဟုတ်၊ တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။ မြင်မြင်က ယောင်ယမ်းမော်ကြည့်လိုက်ရာ ပြူးကျယ်သောမျက်လုံးများဖြင့် မပြုံးတပြုံးငုံ့ကြည့်နေသော ယောကျ်ားပျိုမျက်နှာကို တွေ့ရသည်။ မြင်မြင်သည် ရှန်းပယ်ရန် ရုတ်တရက်သတိမရ။ အတော်ကြာ ကြက်သေ, သေနေ၏။

ကိုမြဒင်ကား မကြုံစဘူး ထူးခြားသောအမှုအရာကြောင့် စိတ်သည် တည်ငြိမ်ခြင်း မရှိ။ မြင်မြင်လက်ပေါ် ပိုင်စိုးပိုင်နင်းရောက်နေသော ယောကျ်ားပျိုလက်ကို ထ,

mgyoe.com

mgyoe.com

ဖယ်ရကောင်းနိုး ပခုံးကို တွန်းလှဲ စွပ်ခနဲ ပစ်ထိုးလိုက်ရ ကောင်းနိုးနှင့် မရိုးမရွ ဖြစ်နေ၏။ သို့သော် ထိုင်ချည် ထချည် လုပ်နေမိရုံမှတစ်ပါး တခြားမည်သို့မျှ မထူးခြား ချေ။ မြင်မြင်သည် ကိုမြဒင်မျက်နှာကို လှည့်ကြည့်မိပြီးမှ သတိရပြီး "အို..."ဟု လက်ပြားကြီးနှင့် ဓားရိုးတွင်ညပ် နေသောလက်ကလေးကို ဆွဲဖယ်၏။ ထိုအခါမှ ယောက်ျား ပျိုသည် လက်တစ်ဝါးခန့်ပေါ်နေသော ဓားကို လက်တစ် ဖက်ဖြင့် နေရာတကျ ဆောင့်သွင်းလိုက်လေသည်။

"ခင်ဗျား ဒီဟာကို မကြည့်ဘူးလား"

ယောက်ျားပျိုသည် ဓားရိုးတစ်ဖက်ကို လှည့်ပြ၏။ ဆင်စွယ်၏ ဘေးတစ်ဖက်တွင် 'အရေးမကြီးဘဲ မချွတ်ရ' ဟု စာလုံးငယ်များဖြင့် ထွင်းထားသည်ကို တွေ့ရ၏။

"ထုတ်ကြည့်မလို့လား၊ မလုပ်နဲ့၊ ဒီဓားဟာ ချွတ်မိ ရင် မရဘူး"

ဘာညာ ထပ်မပြောတော့ဘဲ ယောက်ျားပျိုသည် စားပွဲပေါ်တင်ပါးလွှဲထိုင်ထားရာမှ ကြမ်းပြင်ပေါ်စုံဆင်း ရပ်လိုက်၏။ ထို့နောက် ဓားအိမ်ကို ကတ္တီပါအိတ်ထဲ နေရာ တကျပြန်သွင်း ထွက်ခွာသွားရာ နံရံနှင့်ကွယ်သွားတော့မှ တစ်ယောက်မျက်နှာ တစ်ယောက် ပြန်ကြည့်ကြရင်း...

"ကျွန်မ လန့်သွားတယ် ကိုမြဒင်"

"အင်မတန် လက်ရဲတဲ့လူ၊ သူ အတော်ကြာ မြင်မြင့်လက်ကို ကိုင်ထားတာ ကျုပ် မခံနိုင်ဖြစ်သွားတယ်"

"ရှင် ဒီလို ဒေါသထားနေလို့ သူ့အကြံအစည်ကို

mgyoe.com

mgyoe.com


ဘယ်သိနိုင်တော့မလဲ"

"ဒါကြောင့် သည်းခံနေတာပေါ့၊ ဒီလူဟာ လူထူးပဲ၊ ဒီးစားကို ဘယ်ကရတယ် မသိဘူး"

"ရှေးက နန်းစဉ်စားထဲကနဲ့တူတယ်၊ စားအရင်းနား မှာလည်း ယိမ်းနွဲ့ပါးလို့ မှည့်ထားတယ်"

"ကျုပ် စုံထောက်ပဲ၊ မြင်မြင် ဆွဲထုတ်မယ်လုပ်နေ တုန်း ကျုပ်အမှတ်မဲ့ကြည့်နေလို့ အရိုးက 'အရေးမကြီးဘဲ မချွတ်ရ'ဆိုတာပါ မြင်လိုက်တယ်။ မြင်မြင်မှ သတိမထား ဘဲ။ ဒါထက် ကျုပ်သတိရပြီ မြင်မြင်"

"ဘာတုံးရှင့်"

"သူ့အခန်းထဲ လူမဝင်စေချင်တာ ဒီစားကိစ္စလည်း ပါလိမ့်မယ်၊ ဒါပေမဲ့ လူမဝင်ရအောင် အပြင်က စာမဆွဲ ဘူး။ အထဲရောက်ပြီး ပြန်ထွက်လာမှ မြင်အောင် ရေးထား တယ်လို့ မြင်မြင်ပြောတယ်။ ဒီစာကို မမြင်ဘဲ အမှတ်မဲ့ ရောက်သွားတဲ့ လူတစ်ယောက်ဟာ ဒီစားကို ချွတ်မယ်ဆို ပါတော့ အရိုးကလှတော့ 'အရေးမကြီးဘဲ မချွတ်ရ' ဆိုတဲ့ စာကို မမြင်ဘဲနေမှာ မဟုတ်ဘူး။ ဒီတော့ ချွတ်ကြည့်မယ့် လူဟာ ရှိန်သွားလိမ့်မယ်။ ဒီစာသာမရှိရင် 'မဝင်ရ' ဆိုလို့ အပြင်က ဆွဲမှာပေါ့"

"ဒီဟာ မြန်မာ့လက်နက် ဆိုပါကလား ကိုမြဒင်"

"သူ စိတ်မကောင်းဘူးထင်တယ်။ ဒီလိုစိတ်မျိုး ကြောင့် ဆရာစံသူပုန်မှာ အတုံးအရုံး သေပြီးပြီ"

"ဒင် ... ဒင်" ဟု တိုင်ကပ်နာရီသံကြားသဖြင့်

mgyoe.com

mgyoe.com


ကိုမြဒင်သည် လက်ပတ်နာရီကို မြှောက်ကြည့်ရာ ၁၀ နာရီကို ညွှန်ပြနေသောကြောင့် နှုတ်ဆက်ကာထွက်ခွာသွား၏။ မြင့်မြင့်သည် အောက်ထပ်တံခါး ပိတ်တက်လာစဉ် အခန်းထဲမှ ထွက်လာသော ယောကျ်ားပျိုနှင့် မျက်နှာချင်းဆိုနေလေသည်။

"ပြန်သွားပလား"

"ဟုတ်ကဲ့ ... ညဥ့်နက်ပြီဟာကိုး၊ ရှင်နဲ့ စကားပြောရတာ ပျော်တယ်၊ နောက်မှ လာဦးမတဲ့"

"မလာချင်နေပါ၊ ကိစ္စမရှိဘူး၊ နို့ ... ဒီကောင် ဘာကောင်လဲ"

"ဘာပြုလို့လဲ"

"အမေးအမြန်းသိပ်များတယ်၊ ကျုပ်ကို ဂျပန်ရဲ့ ပဥ္စမံတပ်သားအောက်မေ့နေလား မဆိုနိုင်ဘူး၊ ခင်ဗျားကို မေးကောင်းမေးလိမ့်မယ်၊ နောက်တစ်ခါမေးရင် ပြောလိုက်"

"ဘယ်လိုပြောရမလဲ"

"ဟုတ်တယ်ပေါ့"

ယောကျ်ားပျိုသည် နောက်သို့လှည့်ပြီး အခန်းတွင်းပြန်ဝင်သွားရာ မြင့်မြင့်သည် အတန်ကြာ ကြောင်တက်တက်နှင့် ကျန်ရစ်လေသည်။

၀

mgyoe.com

mgyoe.com

## အခန်း ၈

နောက်ထပ် ရက်သတ္တတစ်ပတ်မျှကြာသောအခါ၌ကား ရန်ကုန်မြို့ စုံထောက်မင်းကြီးရုံးခန်းတွင် လူအဝင်အထွက်တော်တော်များလာလေ၏။ အချိန်ကား ၁၀ နာရီကျော်ကျော်မျှ ဖြစ်၏။ ကိုမြဒင်ရောက်ပြီး၍ မကြာမီပင် အခန်းတစ်ခုမှ "ကလင်...ကလင်" ဟူသော တယ်လီဖုန်းသံကို ထိုနေ့အဖို့ ဈေးဦးပေါက်ကြားရလေသည်။ "ကိုမြဒင်" ဟု စာရေးတစ်ယောက်၏ ခေါ်သံကြားရသဖြင့် ကိုမြဒင်သည် ပျာယီးပျာယာအခန်းတစ်ခုမှထွက်လာပြီး တယ်လီဖုန်းနားခွက်ကို ကောက်ကိုင်လိုက်၏။

"သြော်...မြင့်မြင့်လား၊ ရှိပါတယ် ခုပဲရောက်တယ်၊ ကိစ္စထူးသလား မြင့်မြင့်"

"ခါတိုင်း ရှင် အိမ်ဝင်ပြီးမှ ရုံးကိုတန်းသွားတယ်၊ ဒီမနက်ရောက်မလာလို့ လှမ်းမေးတာပဲ၊ နည်းနည်းပါးပါးတော့ ထူးတယ်ဆိုပါတော့"

mgyoe.com

mgyoe.com


"အင်း…ဆိုစမ်းပါ"

"ဒီနေ့ ဧည့်သည်တွေ ခဏရောက်နေလို့ ကျွန်မ ကြိုးခုန်နေကျ ဝတ္တရား ပျက်သွားတယ်၊ အဲဒါကို ဟိုလူက ခင်ဗျား ဘာလို့ကြိုးမခုန်သလဲ၊ ဧည့်သည်ကို မငဲ့နဲ့၊ ကိုယ့် ကျန်းမာရေးက ပိုပြီးအရေးကြီးတယ်လို့ လာပြောတယ်၊ ကျွန်မက ညနေမှဖြစ်ဖြစ် ဧည့်သည်ကိစ္စပြီးသွားရင် ခုန် မယ်ပေါ့လို့ဆိုတော့ အေး … အေး … ကောင်းတယ်၊ အလေ့အကျင့်ကို မပျက်စေနဲ့၊ ခင်ဗျားအသားအရေဟာ တခြားမိန်းမတွေနဲ့ တူမယ်မထင်ဘူး၊ ဟိုတစ်လောက ဓား ကို ချွတ်ကြည့်မယ်လုပ်လို့ ကျုပ်က မချွတ်မိအောင် ခင်ဗျား လက်ကို ဖမ်းအုပ်မိတယ် ဒါပဲ၊ ရှင်စိတ်မဆိုးနဲ့နော်"

"ပြောပါ မြင့်မြင့်ရဲ့ …"

"ကိုင်ရ ထိရတာ တစ်မျိုးပဲတဲ့၊ ကျစ်ကျစ်လျစ်လျစ် နဲ့ တင်းတင်းရင်းရင်းရှိသတဲ့၊ ကျုပ် လူပျိုဖြစ်တော့ မကြုံ ဘူးမတွေ့ဘူးလို့ ဖြစ်ရရင်တော့ မပြောတတ်ဘူး၊ ကျုပ် ရုတ် တရက်တောင် မလွှတ်ချင်ဘူးတဲ့၊ မခက်လား ကိုမြဒင် … ပြောအပ်မပြောအပ် သူနားမလည်ဘူး၊ ဒါပေမဲ့ သူ့ မျက်နှာကို အကဲခတ်ရတာ ကျွန်မအပေါ် ဘာလိုလိုရှိပုံ တော့မရဘူး၊ အပြောရဲတဲ့လူလို့ပဲ ယူဆတာပဲ"

"မစိုးရိမ်ရရင်ပြီးတာဘဲ မြင့်မြင့်"

"ပြီးတော့ ခင်ဗျား ဧည့်သည်တွေနဲ့ ရန်ကုန်မြို့ထဲ လျှောက်လည်ဦးမလားတဲ့၊ လည်ရင် သူ့အတွက် ပါမိုလစ် ဆပ်ပြာ တစ်ဒါဇင်၊ နေဗီကပ်ဆေးတံသောက်ဆေး

mgyoe.com

mgyoe.com



ခြောက်ဘူး၊ ဂစ်(သ်စ်)သွားတိုက်ဆေး သုံးဘူး၊ သွားပွတ်တံနှစ်ချောင်း၊ ကော့စမတစ် ခြောက်တောင့်၊ ကာကီအဝတ်အုပ်တစ်ဝက်၊ ပေတူတံဆိပ် ဂျာမနီမီးခြစ်ကျောက် တစ်ရာပါတစ်ထုပ်၊ အဲဒါတွေ စာရင်းလုပ်ပေးပြီး လမ်းကြုံရင် ကျေးဇူးပြုခဲ့စမ်းပါတဲ့၊ တန်ဖိုးက နှစ်ရာဖိုးလောက် ရှိလိမ့်မယ်။ ကျွန်မက ရှင်ဘယ်သွားမလို့ ဒီလောက်များများဝယ်ထားသလဲမေးတော့ ဘယ်မှမသွားဘူး။ ဒီကုန်တွေ မကြာခင်ဈေးတက်မတဲ့ရှင်၊ ဒါတင်မကဘူး၊ တတ်နိုင်ရင် ဂျာနီဝါကားက တစ်လုံးလောက်ဆိုတာက ရှိသေးတယ်။ ပြီးတော့သူ့မှာ ဒီနေ့ငွေမရှိဘူးတဲ့၊ စိုက်ဝယ်ခဲ့ပါ။ ချာတာဘဏ်မှာသူ့ငွေတစ်ထောင်ကျော်ကျော် ရှိနေတယ်။ ဂျီပီအိုစာတိုက်ငွေစုဌာနမှာလည်း မကြာခင်ကပဲ ငွေသုံးရာလောက်သွင်းလိုက်မိသတဲ့၊ အဲဒါ ကိုမြဒင် ဘယ်လိုထင်မြင်ချက်ပေးမလဲ။ ခုတော့ ဧည့်သည်တွေ အိမ်မှာရှိသေးတယ်။ ကျွန်မကျောင်းနေဖက် ဆရာမကလေးနှစ်ယောက်ပဲ၊ ဟိုလူကတော့ မကြာခင်က သူ့အခန်းထဲက ထွက်ပြီး အောက်ဆင်းသွားတယ်"

"ကျေးဇူးတင်တယ် မြင်မြင်၊ ဒီကနေ့ ကျုပ်လာပါဦးမယ်"

ကိုမြဒင်သည် တယ်လီဖုန်းကို ချပြီးနောက် အတန်ကြာအောင် စဉ်းစား၏။ ရှေးဦးစွာ ပေါ်လာသည်ကား မြင်မြင်၏ မျက်နှာကလေးပင်။ ဤအထိ ပြောရဲဆိုရဲသောယောကျ်ားပျို၏ စကားကို ဝေဖန်လိုက်သောအခါ နောင်

mgyoe.com

mgyoe.com


ရေးအတွက် အတော်ပူသွား၏။ သို့သော် "ဒါပဲ ... ရှင် စိတ်မဆိုးနဲ့နော်"ဟု တယ်လီဖုန်းမှပြန်တားရင်း စကားကုန် ဖွင့်ချခြင်းကို ပြန်လည်တွေးတောမိသောအခါ မြင့်မြင့်၏ မိမိအပေါ် ခင်မင်ထားရှိသောစိတ်မှာ သာမည မဟုတ်။ ရေရေရာရာနှင့် သေချာကျနသည့် သမီးရည်းစားမဟုတ်သော်လည်း လောကကြီးတစ်ခုလုံး သူ၏အချစ်ဆုံးကို ရွေးကြစို့ဆိုက သူ့ပန်းကုံးအစွပ်တွင် ခေါင်းညွှတ်ခံရမည့်သူမှာ မိမိသာလျှင်ဖြစ်ကြောင်း ထင်ရှားစေသော အခြေခံဖြစ်သည်ဟု စဉ်းစားမိမှ တအုံနွေးနွေး ဖြစ်သွားသောစိတ်ကို မျိုသိပ်လိုက်နိုင်လေသည်။

သို့အတွက် ငေါက်ခနဲထပြီး စုံထောက်မင်းကြီးအခန်း ခေတ္တဝင်ရောက်၍ ပြန်ထွက်လာပြီးနောက် အောက်ဆင်း၊ ကားပေါ်တက်၊ ချာတာဘဏ်သို့ ဦးလှည့်ပြေးလေ၏။ အမည်လည်းမသိ၊ ဘဏ်တိုက်သို့ရောက်သောအခါ အကျိုးအကြောင်းပြောပြပြီး မန်နေဂျာ၏ အကူအညီဖြင့် ဘဏ်တွင် ငွေသွင်းသူများ၏စာရင်းကို စစ်ဆေးရှာဖွေရာ နောက်ဆုံး၌ 'မျိုးမြင့်ရန်နောင်' နာမည်ဖြင့် ယိုးဒယားမှ ငွေလွှဲစုဆောင်းထားသော ငွေတစ်ထောင်ကျော် စာရင်းကို တွေ့ရ၏။

"ဟုတ်ကဲ့ ... ကျေးဇူးတင်တယ်"

ကိုမြဒင်သည် နှုတ်ဆက်ထွက်လာပြီး စာတိုက်ကြီးဘက်သို့ မောင်းနှင်ပြန်လေ၏။ ငွေစုဌာနသို့ ဝင်ရောက်မွှေနှောက်ပြန်သောအခါ၌လည်း အလားတူနာမည်ဖြင့် ငွေ

mgyoe.com

mgyoe.com


သုံးရာသွင်းထားသည်ကို တွေ့ရ၏။ စာတိုက်၌ ငွေစုက အဖအမည်ပါ ရေးရစမြဲဖြစ်ရာ ထိုအမည်နေရာတွင်'ဦးဖြိုး တင့်'ဟု တွေ့ရ၏။

သို့သော် ထိုငွေသွင်းသွားသော နေ့ရက်ကား သုံးရက်သာ ရှိသေး၏။ ယခု အရှေ့အာရှတိုက်တွင် စစ်ဖြစ်လေပြီ။ မြန်မာပြည် မြန်မာပြန်ရမလောက် ယုံကြည်နေသောသူသည် မည်သည့်အတွက် အင်္ဂလိပ်လက်အောက်၌ ငွေစုလိုသနည်း။ အင်္ဂလိပ် ပြေးကောင်းပြေးရမည်ဟု ယုံကြည်ရိုးမှန်ပါလျှင် သူသည် မည်သည့်နည်းနှင့်မျှ ထိုငွေကို စုဆောင်းမည်မဟုတ်။ ကိုမြဒင်သည် တော်တော် ခေါင်းရှုပ်သွား၏။ သူ့အပြောနှင့် သူ့အလုပ် မညီညွတ်ပေ။ မိမိအား တမင်ဝွထိုး၍ စကားအမျိုးမျိုးပြောနေရော့သလား ဟုလည်း စဉ်းစားမိ၏။

ထို့နောက် စုံထောက်မင်းကြီးရုံးသို့ ပြန်ရွေ့မောင်းနှင်ကာ တယ်လီဖုန်းကို ပြန်ကောက်ပြန်လေသည်။

"ဟုတ်တယ် ... မြင်မြင်ကို စကားပြောချင်လို့၊ အခု ပြောတာ မြင်မြင် မဟုတ်လား"

ဟုတ်ပါတယ် ... ဘာကိစ္စထူးသလဲ ကိုမြဒင်"

"ကျုပ် ဘဏ်ရော၊ စာတိုက်ရော ရောက်ခဲ့ပြီ။ သူ ငွေတွေသွင်းထားတယ်ဆိုတာ အမှန်ပဲ။ ဘဏ်မှာ ယိုးဒယားကငွေလွှဲစုတာ တစ်ထောင်ကျော်၊ စာတိုက်ကြီး မှာက သုံးရာ"

"ဟုတ်တယ်လေ ... အဲဒါ ဘာပြုသလဲ"

mgyoe.com